




mgyoe.com
SAMPLE BOOK
mgyoe.com

# နှင်ရော်

Lazy Club

## ကျွန်တော်နဲ့ ကြယ်စင်စု ခရီး




mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပထမအကြိမ် | = မေလ၊ ၂၀၁၃ ခုနှစ်။ |
| | ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | = ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | = ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက် |
| | ၉၆/ခ၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | = စွယ်တော်ပုံနှိပ်တိုက် |
| | အမှတ် (၁၄၇)၊ (၅၁) လမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | = ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ |
| | ၅၁၊ ရေကျော်လမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | = ဝင်းမြင့်ဦး |
| တန်ဖိုး | = ၁၅၀၀ ကျပ် |

၈၀၈.၈၄
နိုင်ဇော်(Lazy Club)
ကျွန်တော်နဲ့ ကြယ်စင်စုခရီး / နိုင်ဇော်(Lazy Club)။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်။
စာမျက်နှာ-၁၂၉၊ ၁၃×၂၀ စင်တီမီတာ။
(၁) ကျွန်တော်နဲ့ ကြယ်စင်စုခရီး

mgyoe.com

mgyoe.com SAMPLE BOOK

Century Star

မလေးရှား-စင်္ကာပူ ဂီတဖျော်ဖြေပွဲ

ကိုယ်ရေးမှတ်တမ်း

# ကျွန်တော်နဲ့ ကြယ်စင်စုခရီး

နိုင်ဇော်

LazyClub

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗေယျာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၀၀၊ ၀၉-၅၁၂၇၄၉၃

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- ကြယ်စင်စုခရီးသည်ရဲ့ အမှာစာ ၇
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁ ၁၃
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၂ ၂၀
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၃ ၂၇
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၄ ၃၅
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၅ ၄၄
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၆ ၅၂
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၇ ၅၈
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၈ ၆၅
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၉ ၇၀
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁၀ ၇၇
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁၁ ၈၄
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁၂ ၉၂
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁၃ ၉၉
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁၄ ၁၀၅
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး - ၁၅ ၁၁၃
- ကျွန်တော်နဲ့ ကြယ်စင်စုခရီး ဇာတ်သိမ်းပိုင်း . . ၁၂၂


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ကြယ်စင်စုခရီးသည်ရဲ့ အမှာစာ

ကြယ်စင်စုခရီး ဆိုတဲ့ မလေးရှားနဲ့ စင်ကာပူ နှစ်နိုင်ငံကို စတိတ်ရှိုး ဖျော်ဖြေဖို့ သွားခဲ့ကြတဲ့ တီးဝိုင်း ၄ ဝိုင်း၊ အနုပညာရှင် အဆိုတော် အယောက် ၅၀ ကျော်ရဲ့ နိုင်ငံခြားခရီးစဉ်ဟာ တကယ့်ကို ရင်သပ်ရှုမော စိတ်ကူးယဉ် ဆန်တဲ့ ခရီးစဉ် ဆိုတာ ကျွန်တော် သိခဲ့ရလို့ မသွားခင်ကတည်းက ကြိုတင်ပြီး ရင်ခုန်ခဲ့ရသလို ခရီးသွားပြီး ပြန်ရောက်ချိန်မှာလည်း ပြဿနာပေါင်း သောင်း ခြောက်ထောင်နဲ့ ကောလာဟလမျိုးစုံ ကြားကြရလို့ ဂျာနယ်၊ မဂ္ဂဇင်း၊ အင်တာနက်၊ မီဒီယာတွေကတစ်ဆင့် ပြည်သူတွေ စိတ်ဝင်စားခဲ့တဲ့ ဖျော်ဖြေပွဲကြီး လည်း ဖြစ်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ တကယ်လည်း ပြဿနာတွေ ရှိခဲ့တာ ဝန်ခံပေမယ့် ပြဿနာမဟုတ်တာကို ပြဿနာလုပ်သူတွေရဲ့ စတန့်တွေကိုလည်း သိခဲ့ရပါတယ်။ တချို့ကျတော့လည်း ရောယိမ်းလိုက် ဘသာယိမ်းလိုက်နဲ့ ဝင်ပါ ရင်း ရန်ကုန် ပြန်ရောက်ချိန် ဂျာနယ်စာမျက်နှာပေါ်မှာ တကယ့်ကို ပြဿနာ တွေ တက်ခဲ့တာ သူ ကြုံခဲ့ပါတယ် ပြောပြီး ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး ကြော်ငြာတဲ့ ကြော်ငြာမယ်၊ ကြော်ငြာမောင်တွေအဖြစ်လည်း မြင်တွေ့ခွင့်ရခဲ့ပါ တယ်။ တချို့ကလည်း ပွဲကန်ထရိုက်တွေနဲ့ မကျေလည်သမျှ ကိုယ် ဖျော်ဖြေခဲ့ တဲ့ပွဲ၊ ကိုယ့်အနုပညာ လက်တွဲဖော် ဂီတသမားတွေရဲ့ မျက်နှာတောင် မထောက်တဲ့ သေးသိမ်အောင် အတင်းအဖျင်းချရင်း ဂီတငရမန်ကန်းတွေ ဖြစ်မှန်းမသိ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ကုန်ကြသူလည်း တွေ့လိုက်ရပါတယ်။ လူတွေရဲ့အကြောင်း၊ သူငယ်ချင်းရဲ့ အကြောင်း ခရီးသွားဖူးမှ ဖုံးထားသမျှ ပေါ်တယ်ဆိုတဲ့ ဆိုရိုးစကားလေးအတိုင်း ဆိုရင် အရာရာမှာ အတ္တနဲ့ ထင်ပေါ်ကျော်ကြားလိုသူတွေ များတဲ့ အနုပညာသမား တွေ သွားကြတဲ့ ဒီခရီးစဉ်ဟာ တစ်ယောက်ကို တစ်ယောက် ဖုံးကွယ်ထားတဲ့ မျက်နှာဖုံးတွေ လှစ်ဟပြလိုက်သလို သူတို့ရင်ထဲမှာ ဘာတွေ ရှိသလဲ၊ ကျွန်တော် သိလိုက်ရတဲ့ ဒီခရီးစဉ်အကြောင်း ကျွန်တော် အခုလို စာအုပ်တစ်အုပ်အဖြစ် စုစည်းတင်ပြနိုင်လိုက်တော့လည်း မလိုသူ တချို့က ပွဲကန်ထရိုက်ကို ဖော်လံဖား ချင်လို့ ရေးတာပါလို့ စွပ်စွဲနိုင်ကြပေမယ့် ကျွန်တော့်စာအုပ် ပြီးဆုံးအောင် ဖတ်ပြီးချိန် ကျွန်တော် ဘယ်သူ့ဘက်က ရေးထားသလဲ၊ ဘယ်ရှုထောင့်က ရေးထားသလဲ အဖြေပေါ်မှာပါ။ ဒီစာစု ရေးခဲ့ချိန်ကနေ အခုထိ ကျွန်တော် အဲဒီ ပွဲစီစဉ်သူရဲ့ မလေးရှား ဂီတဖျော်ဖြေပွဲတစ်ပွဲမှ မတီးခတ်ခဲ့ဘူး ဆိုတာက လည်း ကျွန်တော့် ရပ်တည်မှုအတွက် အကောင်းဆုံး သက်သေပြချက် တစ်ခု ပါပဲ။ ကျွန်တော့်ရဲ့ အမှန်တရားအပေါ် သဘောထားအတွက် အခင်အမင် ပျက်ခဲ့ရသူ၊ လက်တွဲဖြုတ်ခဲ့ရသူ မိတ်ဆွေတွေကို ကျွန်တော် နည်းနည်းလေးမှ နောင်တမရခဲ့ပါဘူး။ လူတွေ့တော့ အလိုက်သင့်ပြော၊ ကွယ်ရာမှာ အတင်းပြော ကြတဲ့ လူစားမျိုးတွေကြားမှာ အမှန်အတိုင်း ပြောရုံမကဘဲ လူတွေ့တော့ အမှန်အတိုင်းပါ ရေးပြလို့ ကိုယ့်အပေါ် လက်တွဲဖြုတ်သွားလည်း ဒါတွေ တစ်ချိန်မှာ သမိုင်းဖြစ်သွားရင် ကိုယ့်အပေါ် စာဖတ်သူတွေ လိပ်ပြာသန့်သန့်နဲ့ နားလည်နိုင်ကြပါစေ ဆိုတဲ့ စိတ်နဲ့ 'ကြယ်စင်စုခရီး' ဆိုတဲ့ အခန်းဆက် ဆောင်းပါးကို နံနက်ခင်းဂျာနယ်မှာ ၁၆ ပတ်ဆက်တိုက် ရေးဖြစ်ခဲ့ပါတယ်။ ဒီလို အခန်းဆက် ခရီးသွား ဆောင်းပါးရှည်ကြီး ရေးဖြစ်ခဲ့ရတာကလည်း အခုလို စာအုပ်တစ်အုပ်အဖြစ် စုစည်းပြီး စာဖတ်ပရိသတ် လက်ထဲ ထည့်ပေး ချင်လို့ ဆိုတဲ့ အတွေးကြောင့် ဖြစ်သလို ကျွန်တော် ငယ်ငယ်တုန်းက ဖတ်ခဲ့ ရတဲ့ အခန်းဆက် ခရီးသွားဆောင်းပါးတွေမျိုး တစ်ခါတော့ ရေးဖြစ်အောင် ရေးမယ် ဆုံးဖြတ်ပြီး ကြယ်စင်စုခရီးကို အပတ်စဉ် ၁၆ ပတ် ဆက်တိုက် ရေးလိုက်ပါတော့တယ်။ ဒါပေမဲ့ အဲဒီလို ရေးနေတုန်း ကျွန်တော် မမျှော်လင့် ထားတဲ့ ကိစ္စတစ်ခု ကျွန်တော် ကြုံတွေ့လိုက်ရလို့ ကြယ်စင်စုခရီး ဆိုတာ လွယ်လွယ်ကူကူ မရှိလှတဲ့ အခက်အခဲတွေကြားက ကျော်ဖြတ်ရမယ့်ခရီး ဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော်က ပင်တိုင်

mgyoe.com

mgyoe.com SAMPLE BOOK

စာမျက်နှာ ရထားတဲ့ နံနက်ခင်းဂျာနယ်ကနေ အခန်းဆက်ဆောင်းပါးကို ဘယ်သူမှ မတိုင်ပင်ဘဲ (အဲဒီအချိန်က အဖြစ်မှန် သိချင်လို့ မေးသူတွေကလည်း များလွန်းလို့) ရေးလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့် ဆောင်းပါးကို တစ်ပတ် တစ်ခါ စောင့်ဖတ်သူတွေ ရှိသလို အပတ်စဉ် ကျော်ပြီးမှ ဖတ်ရသူတွေလည်း ရှိကြတော့ သူတို့က ကျွန်တော့်ရဲ့ အခန်းဆက် ဆောင်းပါးကို နားမလည်နိုင်ဘဲ (ရုပ်ရှင်ကို တစ်ဝက်တစ်ပျက် ဝင်ကြည့်မိသလို ဖြစ်ကြတာနဲ့ ခပ်ဆင်ဆင်) ဖြစ်ကြလို့ လုံးချင်းစာအုပ်ပဲ ထုတ်ပေးပါလို့ ပြောကြပါတယ်။

တစ်ခါ ဂျာနယ်ဆိုတာ သကြန်လို၊ နယူးရီးယားလို၊ အကယ်ဒမီပွဲလို၊ သီတင်းကျွတ်လို သူ့အချိန်နဲ့သူ ရေးရမယ့် ခါတော်မီ ဆောင်းပါးတွေကြား ကျွန်တော့်ဆောင်းပါးက ၄-၅ ပတ်နဲ့ မပြီး ဖြစ်လာတော့ အယ်ဒီတာချုပ်လည်း စိတ်မရှည် ဖြစ်ပါတော့တယ်။ ဒီကိစ္စထက် ပိုပြင်းထန်တာက တခြား ဂျာနယ်ကြီး တစ်စောင်မှာ ဆောင်းပါးတစ်ပုဒ် ပေးလိုက်တာ အဲဒီဂျာနယ်ကြီးက နှစ်ပိုင်း ခွဲပြီး ဖော်ပြလိုက်ပါတော့တယ်။ အဲဒီမှာတင် နံနက်ခင်းဂျာနယ် အယ်ဒီတာချုပ် ကြီးလည်း ကျွန်တော့်အပေါ် ဂျာနယ် နှစ်စောင် (ထွက်တဲ့ရက်လည်း အတူတူ မှာ) အခန်းဆက် ဆောင်းပါးတွေ ပြိုင်တူ ရေးနေတယ် ဆိုပြီး အထင်တော် လွဲပါတော့တယ်။ ကျွန်တော် စာမူသွားပေးတဲ့အချိန် သူ့ရုံးခန်းထဲမှာ အဲဒီကိစ္စကို အငြင်းအခုံ ဖြစ်ကြရင်း ကျွန်တော်က (ကိုယ် နှစ်ပတ် ထည့်ဖို့မပေးဘဲ သူတို့ အကြောင်းနဲ့ သူတို့ နှစ်ပိုင်း ခွဲထည့်လိုက်တဲ့ ပြဿနာကြောင့် ကိုယ် ဘုမသိ ဘမသိ အထင်လွဲခံရပါတော့တယ်။) တစ်ဖက်မှာလည်း ဒီဆောင်းပါး ဘယ်တော့ ရပ်မှာလဲလို့ မေးတာ ခံရတာကြောင့် ကျွန်တော် တကယ့်ကို စိတ်ဆိုးပြီး လုံး၀ ဆက်မရေးတော့ဘူး။ တစ်ဝက်တစ်ပျက်နဲ့ ရပ်လိုက်ဖို့ ဆုံးဖြတ်လိုက် သလို ပင်တိုင် စာမျက်နှာ ၂ နှစ်၊ ၃ နှစ် ဆက်ရေးနေတဲ့ ကလောင်ရှင်ဘဝက နုတ်ထွက်လိုက်တော့မယ် ဆိုပြီး စာဖတ်ပရိသတ်ကို ဆက်မရေးဖြစ်တော့တဲ့ အကြောင်းသာ ဂျာနယ်ထဲ ထည့်လိုက်ဖို့ ပြောခဲ့ပါတယ်။ ဒီလို တင်းမာနေတဲ့ အခြေအနေမှာ ကယ်တင်ရှင် (ကို)တင်မောင်ဆွေ(အယ်ဒီတာ)ရဲ့ ညှိနှိုင်းပေးမှုနဲ့ အဲဒီ ကြယ်စင်စုခရီး ဆောင်းပါး ဆက်ရေးဖို့ သဘောတူညီချက် ရခဲ့ပါတယ်။ ဒါကြောင့် ကျန်တဲ့ အပိုင်းတွေကို စာဖတ်ပရိသတ် ဖတ်လို့ အကောင်းဆုံး ဖြစ်အောင် ကြိုးစားရေးရသလို လုံးချင်းစာအုပ် ထုတ်ဖြစ်တဲ့အချိန် ကျွန်တော့်ရဲ့ စာအုပ် ဖတ်ရသူတွေ အနုပညာသမားတွေရဲ့ နိုင်ငံခြားခရီး ဆိုတာ စိတ်ကူးထဲက

mgyoe.com

mgyoe.com SAMPLE BOOK

ထင်သလို ဂျာနယ်စာမျက်နှာပေါ်မှာ ဖော်ပြနေကြသလို အဆောက်အဦလှလှ တွေရှေ့ လက်ကလေး နှစ်ချောင်း ထောင်ပြနေကြတဲ့ ဓာတ်ပုံတွေနဲ့ မတူဘူး ဆိုတာ သက်သေပြခဲ့ရပါတော့တယ်။ သွေးပူတုန်း ကျွန်တော် ရေးခဲ့မိတာ စိတ်ဆိုးပြီး ဆက်မရေးဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြင်ခဲ့တာ အခုမှပဲ မှန်မှန်း သိရပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့သာ ကျွန်တော့်ကို အဲဒီအကြောင်း ကိစ္စ ရေးပြခိုင်းရင် သေချာတာက အသေးစိတ် မှတ်မိမှာ မဟုတ်တော့တာပါဘဲ။ ကြယ်စင်စုခရီးရဲ့ စာမူအကြမ်း ကွန်ပျူတာစာစီ ပရုဖ်ဖတ်ပေးရင်း ငါသာ အဲဒီအချိန်က မှတ်တမ်းမတင်ဖြစ်ခဲ့ရင် အခုဆို ဒီခရီးစဉ်အကြောင်း တိတိကျကျ ရေးပြနိုင်မှာ မဟုတ်ဘူးဆိုတဲ့ အတွေးဝင်ခဲ့ပါတယ်။ ဒါပေမဲ့ မှတ်တမ်းဓာတ်ပုံ တွေ သိမ်းထားတဲ့ DVD အချပ်တချို့ကတော့ ရှာမတွေ့လို့ ဓာတ်ပုံတချို့ မပါဝင်နိုင်တာကိုလည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ လက်လျှော့ခဲ့ရပါတယ်။

ဒီစာစုလေးတွေ ဖော်ပြပေးခဲ့တဲ့ စိတ်ဆိုး စိတ်ကောက်ပေမယ့် တာဝန် မပျက်ခဲ့တဲ့ နံနက်ခင်းဂျာနယ် အယ်ဒီတာချုပ် (ကို)ဇန်ဇန်နဲ့ ကျွန်တော့်ကို ကုလသမဂ္ဂအတွင်းရေးမှူးလို ညှိနှိုင်းပေးခဲ့တဲ့ ကိုတင်မောင်ဆွေကိုလည်း ကျေးဇူးတင်ပါတယ်။ အိမ်ပြောင်းရင်း အသိမ်းလွန်ပြီး စာမူနှစ်ပိုင်း ပျောက်နေ လို့ ၆ လလောက် ကြာချိန် တစ်ညနေတည်းနဲ့ လူတစ်ရပ်လောက် ဂျာနယ်ပုံကြီး ထဲက ရှာဖွေပေးခဲ့တဲ့ ဦးတာ(နံနက်ခင်း)ကိုလည်း ကျေးဇူးတင်ပါတယ်။

ခရီးစဉ်တစ်လျှောက် မှတ်တမ်းဓာတ်ပုံတွေကို အသုံးပြုဖို့ ပေးခဲ့တဲ့ ကျွန်တော့် စာဖတ်ပရိသတ် အစ်ကိုကြီး(ဦး)လှဝင်းကိုလည်း ကျေးဇူးတင်ပါ တယ်။ ဒီခရီးစဉ်မှာ ကျွန်တော် လုပ်ချင်တာလုပ်ဖို့၊ သွားချင်ရာ သွားဖို့ ခွင့်ပြု ပေးခဲ့တဲ့ Lazy Club အဖွဲ့သားတွေနဲ့ မန်နေဂျာ (ကို)စိုးနိုင်ထွန်းကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဂစ်တာတီးနေချိန် (မလေးရှားနဲ့ စင်ကာပူ) နှစ်ပွဲလုံး မထင်မှတ်အောင် အသက်ဝင်တဲ့ ဓာတ်ပုံတွေ ရိုက်ပေးပြီး လက်ဆောင် ပေးခဲ့တဲ့ ဆရာ(ဦး)မြတ်ခိုင်(လျှပ်တစ်ပြက်ဂျာနယ်)ကိုလည်း ကျေးဇူးတင်ပါ တယ်။ ကျွန်တော့် စာမူတွေ ရဖို့ ဂျာနယ်အဟောင်းပုံထဲက အချိန်ကုန်ခံ ရှာဖွေပေးခဲ့တဲ့ အစ်မတော်(ဒေါ်)ပြုံးပြုံးကြည်(စည်ပင်)ကိုလည်း ကျေးဇူးတင် ပါတယ်။ ဒီခရီးစဉ်တစ်လျှောက်လုံး လိုက်ပါပြီး သီဆိုဖျော်ဖြေပေးကြတဲ့ အဆိုတော် (အစ်ကို၊ အစ်မ၊ ညီ၊ ညီမများ အားလုံးနဲ့)၊ Emperor၊ Aurora၊ အလင်္ကာဝတ်ရည်တီးဝိုင်းများမှ မန်နေဂျာများ၊ တာဝန်ရှိသူများ အားလုံးကို

mgyoe.com

mgyoe.com SAMPLE BOOK


လည်း ကျေးဇူးတင်ပါတယ်။ စိစဥ်သူ သူငယ်ချင်း(ဘိုစန်း)နဲ့ ချစ်သိန်း(ဝတုတ်) ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ Century Star ပွဲကြီး ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပေးကြသော မလေးရှားနဲ့ စင်ကာပူမှ တာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ ဒီစတိတ်ရှိုးကြီးဟာ နောင်နှစ်ပေါင်းများစွာအတွင်း ဒီလို မြိုင်ဆိုင်ခမ်းနားမှု အသံစနစ်တွေ၊ အဆိုတော်အင်အားနဲ့ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်ပြီး လူအများရဲ့ ကဲ့ရဲ့ရှုတ်ချခံရမှုအောက်မှာ ကျေကျေနပ်နပ် ခံခဲ့တဲ့ ကျွန်တော့်မိတ်ဆွေ (မ)စုစန္ဒီဦးနဲ့ (မ)အေးငယ်၊ အစ်မကြီးတို့ကိုလည်း ဒီစာအုပ်လေးနဲ့ အမှတ်တရ ကျေးဇူးတင်နေမိပါတော့တယ်။ နောက်ဆုံး ကျေးဇူးတင်ရမယ့်သူကတော့ ကျွန်တော့်ရဲ့ စိတ်ညစ်မှု အဆုံး ထွက်ပေါက်အဖြစ် စင်ကာပူနိုင်ငံ ရောက်ချိန် ပျော်ရွှင်အောင် အမှတ်တရ ညစာစားပွဲလေးနဲ့ ဧည့်ခံပေးခဲ့တဲ့ စင်ကာပူနိုင်ငံက သူငယ်ချင်း (ကို)တင်ဆန်းဦးနဲ့ ညီငယ်နိုင်လင်းထက်တို့ကို ကျေးဇူးတင်းကြောင်း မှတ်တမ်းတင်ပေးလိုက်ပါရစေ။ ကျွန်တော် ကြားဖူးတဲ့ စကားပုံတစ်ခု ရှိပါတယ်။ အဲဒီစကားပုံလေးကို ကျွန်တော် ကြိုက်လွန်းလို့ အခု စာဖတ်ပရိသတ်တွေ ဖတ်ရှုရတော့မယ့် 'ကြယ်စင်စုခရီး'နဲ့လည်း ကိုက်ညီတာမို့ ကျွန်တော့်ကို ရေးသားခွင့်ပြုစေချင်ပါတယ်။ စကားပုံလေးက 'အမှန်တရားဟာ အပြင်ထွက်ဖို့ ဖိနပ်စီးနေတုန်း မုသာဝါဒက ကမ္ဘာတစ်ပတ် ပတ်ပြီးနေပြီ'တဲ့။ ဒီစကားပုံလေး အတိုင်း ကျွန်တော် ရေးတဲ့စာတွေက အပြင်ထွက်ဖို့ ဖိနပ်စီးနေသူလား၊ ကမ္ဘာပတ်ပြီး ပြန်လာသူလား ဆိုတာ စာဖတ်ပရိသတ်တွေ ဒီစာအုပ်အဆုံးမှာ ကိုယ်ထင်သလို (ဘယ်သူ့မှ အားမနာဘဲ) မှတ်ချက်ချနိုင်ကြပါလိမ့်မယ်။ ကျွန်တော်ကတော့ သမိုင်းဆိုတာ ခံစားရသူတွေ ရေးမှ ဖတ်ရတာ အရသာရှိတာလို့ပဲ ကိုယ့်အတွေးနဲ့ကိုယ် နှစ်သိမ့်ကျေနပ်နေမိပါတော့တယ်။ တချို့ဆို ကမ္ဘာ နှစ်ပတ်၊ သုံးပတ် ပတ်ပြီးနေပြီလေ။ ကျွန်တော်တို့လည်း ရေးသင့်တာ ရေးရဲတဲ့ သတ္တိရှိရမှာပေါ့လို့လည်း ယုံကြည်နေမိပါတော့တယ်။

ကျေးဇူးတင်လျက်....

**နိုင်ဇော်(Lazy Club)**

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

- ၁ -

တကယ်တော့ 'ကြယ်စင်စု' လို့ တင်စားချင်တဲ့ (Century Star Concert) 'မလေးရှား စင်ကာပူ ပွဲကြီး သွားခဲ့ရတဲ့ ခရီးစဉ် ကိုယ်တွေ့ခရီးသွား ဆောင်းပါးကို နှစ်တော်တော်ကြာမှ ပရိသတ်ကို ချပြချင်ခဲ့တာပါ။

လေဆိပ်က စထွက်ခဲ့ရတဲ့ အချိန်ကနေ ရန်ကုန် ပြန်ရောက်တဲ့နေ့ အထိ နာရီတိုင်းဟာ ကျွန်တော့်အတွက် အမှတ်တရ ဖြစ်ရပ်တွေ၊ ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ပြဿနာတွေကြားထဲမှာ မထင်မှတ်ဘဲ 'ဆွမ်းခံရင်း ငှက်သင့်' ဆိုသလို အနုပညာကိစ္စရပ်တွေ ကူညီရမယ့်သူက စီမံခန့်ခွဲမှုကိစ္စတွေပါ ပါဝင် စီမံခဲ့ရလို့ အချိန်နဲ့ယှဉ်ပြီး မှတ်မိနေရတဲ့ ခရီးစဉ်ပါ။

ဘယ်လိုပဲ အခက်အခဲတွေ တွေ့ပါစေ၊ ကိုယ့်ရည်ရွယ်ချက် အောင်မြင် ခဲ့ပြီး ရန်ကုန် ပြန်ရောက်ချိန်မှာလည်း မထင်မှတ်တဲ့ ရည်ရွယ်ချက်ရှိရှိ ကောလာ ဟလ ပြဿနာတွေ ကြားရလို့ ဒေါသဖြစ်မိသလို ကိုယ့်အနုပညာရှင် လူနည်းစုက လည်း သူတို့ နစ်နာပါတယ် ဆိုပြီး ဂျာနယ် စာမျက်နှာပေါ်မှာ ဦးဦးဖျားဖျား ရင်ဖွင့်ကြလို့ တကယ့်အဖြစ်အပျက်တွေ ပြန်ရှင်းပြတဲ့ စာစုကို အမြန်ရေး၊ ဂျာနယ်တိုက် ပို့ရ၊ ဂျာနယ်တွေရဲ့ ဖုန်းအင်တာဗျူးတွေ အမြန် ပြန်ဖြေရှင်းရင်းနဲ့ ခုခံကာကွယ်သူဘဝကို ရောက်မှန်းမသိ ရောက်ခဲ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီမှာတင် ကျွန်တော့်ကို ချစ်တဲ့ ခင်တဲ့ သူငယ်ချင်း ပရိသတ်တွေက လူ ၁၀၀ ကျော်သွားတဲ့ ခရီးမှာ ကျွန်တော် တစ်ယောက်တည်းက လူမိုက်ကြီး ဖြစ်နေဦးမယ် ဆိုတဲ့ သတိပေး စကားသံတွေနဲ့ စိတ်ပူကြသလို ဂီတအစည်းအရုံး မှာလည်း ရန်ကုန် ရောက်ရောက်ချင်း ခရီးပန်းတဲ့ကြား၊ ဖျားနေရက်နဲ့ ပွဲ အခြေအနေမှန် သွားပြီးအစီရင်ခံခဲ့ရပါတယ်။

ပရိသတ်တွေကလည်း ဂျာနယ် စာမျက်နှာပေါ်က ပွဲအောင်မြင်ခြင်းနဲ့ နစ်နာသူတို့ ဂယက်သံတွေအမျိုးမျိုး ကြားလာရတော့ အဖြစ်အပျက်အမှန် သိချင်ကြပြီး 'ကိုနိုင်ဇော် စင်ကျူရီစတားပွဲအကြောင်း ဆောင်းပါး မြန်မြန်ရေး ပါ၊ ဖတ်ချင်လှပြီ' ဆိုပြီး တွန်းအားပေးပါတော့တယ်။

တကယ် ဖျော်ဖြေခဲ့တဲ့ အနုပညာရှင်တွေ စိတ်ထဲမှာလည်း ကျွန်တော် က အနုပညာရှင်တချို့ရဲ့ ပွဲဂုဏ်သိက္ခာ ထိပါးစေတဲ့ စကားတစ်မျိုးနဲ့ အံပြုအမူ အပေါ်မခံနိုင်လို့ တုံ့ပြန်တာ၊ ကျန်တဲ့ ဂျာနယ်စာမျက်နှာပေါ် မတက်ချင်တဲ့ အနုပညာရှင်တွေကို ဆိုလိုချင်တာ မဟုတ်ဘူးလို့ သိကြသူ ရှိနိုင်ပေမယ့် အထင် လွဲကြသူတွေလည်း အခု ရေးမယ့် (လောကကြီး ထုံးစံအတိုင်း) ရှိနိုင်တာမို့ 'ကြယ်စင်စုခရီး' ဆောင်းပါးရှည်ကြီးကပဲ အမှန် အမှား၊ ဂုဏ်သိက္ခာ၊ အရှုံး အနိုင်၊ ပြဿနာဖြစ်စေတဲ့ အရင်းအမြစ်တွေကို ပြနိုင်မယ့် အကောင်းဆုံး သက်သေဖြစ်လား ဆိုပြီး စဉ်းစားရပါတော့တယ်။

တစ်ခါ ပွဲစီစဉ်သူရဲ့ အင်တာဗျူးကို ဂျာနယ်တစ်ခုထဲမှာ ပါလာတာ ဖတ်ပြီး မခံနိုင်သူတွေက ဖုန်းထပ်ဆက်၊ အနုပညာသမားတွေ စကားပြော မှားတော့ ကိုနိုင်ဇော်က ဆောင်းပါးနဲ့ ထောက်ပြပြီး ပွဲကန့်ထရိုက် ပြောတဲ့ စကားတွေထဲက အမှားတွေကိုရော ပြန်မဖြေရှင်းဘူးလားလို့ သူတို့ ခံစားချက် တွေ ရင်ဖွင့်လာကြသူတွေကြောင့် ကျွန်တော် ရေးတဲ့ 'ကြယ်စင်စုခရီး' ဆောင်းပါး ဟာ နောင်အခါ နိုင်ငံရပ်ခြား စတိတ်ရှိုးပွဲအတွက် သွားကြမယ့် အနုပညာရှင် တွေ ဆောင်ရန်၊ ရှောင်ရန်၊ သိသင့်တဲ့ အချက်တွေလည်း ပါတဲ့ ဆောင်းပါး ဖြစ်ရင် ကောင်းမယ်လို့ ခံစားရပါတော့တယ်။

ဒါကြောင့် ဒီပွဲကြီးမှာ ပါဝင်တီးခတ်ခဲ့သူ၊ ပွဲအစီအစဉ်တွေ ဆွဲတဲ့ အထဲ ပါဝင်ခဲ့သူ၊ အရေးကြီးတဲ့ တံခါးပိတ် အစည်းအဝေးတွေ၊ ပွဲနဲ့ ပတ်သက်ပြီး နေ့ ည ဆွေးနွေးကြချိန်မှာလည်း ပါဝင်ခဲ့သူ၊ လူတိုင်းမသိတဲ့၊ အနုပညာသမား တွေကို အသိမပေးသင့်တဲ့ တချို့ကိစ္စတွေလည်း ကြိုတင်သိပြီး တတ်နိုင်သလောက်

mgyoe.com SAMPLE BOOK

ပါဝင်ဖြေရှင်းခွင့် ရခဲ့သူ ကျွန်တော့်အနေနဲ့ ဆောင်းပါး ရေးပြလိုက်တာက စာဖတ်ပရိသတ်တင်မကဘဲ ဒီခရီးစဉ်ကြီးကို စိတ်ဝင်စားနေတဲ့ အလွှာအရပ်ရပ်က လူတန်းစားမျိုးစုံ၊ စာဖတ်ပရိသတ်တွေအတွက် အကောင်းဆုံး လက်ဆောင်ဖြစ်လိမ့်မယ် ယူဆပြီး အချိန်မဆွဲတော့ဘဲ စာရေး စားပွဲပေါ် ထိုင်ခဲ့ရပါတော့တယ်။

တကယ်တမ်း ရေးတော့မယ်ဆိုမှ ပုံမှန်ဆောင်းပါးမျိုးထက် ပရိသတ်တွေ ဖတ်ရလေ့မရှိတဲ့ ဘာသာပြန်ဝတ္ထု ပုံစံမျိုးဖြစ်အောင် အချိန်ကာလတွေ၊ နေရာဒေသတွေ အမျိုးမျိုးကြားက ကျွန်တော် ပါဝင်ခဲ့ရပုံလေးကို တင်ပြလိုက်ရပါတော့တယ်။

ကျေနပ်နိုင်ပါစေလို့ ဆုတောင်းလျက်···

**မလေးရှားနိုင်ငံ ပူထရာအားကစားရုံ၊**
**ကွာလာလမ်ပူမြို့၊ မတ်လ ၃ ရက်၊**
**နေ့လယ် ၁၂ နာရီ**

သုဝဏ္ဏ မိုးလုံလေလုံ အားကစားရုံကြီးထက် ပိုပြီးကြီးတဲ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့က အရှေ့တောင်အာရှရဲ့ အကြီးဆုံး ဘူကစ်ဂျာလီ




mgyoe.com

mgyoe.com SAMPLE BOOK




အားကစားကွင်း ဘေးမှာ ရှိတဲ့ 'ပူထရာစတေဒီယံ'မှာ ကျွန်တော် အပါအဝင် မြန်မာပြည်က အနုပညာရှင် ၁၀၀ ကျော်၊ အားပေးသူ ပရိသတ် ၁၅၀၀၀ ကျော်ကျော်လောက် စိတ်ဝင်တစား ကြည့်ရှုနေကြပါတယ်။

အားကစားကွင်းရဲ့ အလယ်ကောင်တည့်တည့်မှာ ကြက်ခြေခတ်ပုံ စတိတ်ရှိုးစင်မြင့်ကြီး ၄ ခုရှိနေပြီး တီးဝိုင်း လေးဝိုင်းနဲ့ DJ၊ ဟာမိုနီအဖွဲ့ နှစ်ဖွဲ့အားလုံး စင်မြင့်ပေါ်မှာ အသင့်နေရာယူထားကြသလို ကြက်ခြေခတ် စင်မြင့်အလယ်တည့်တည့်မှာ စင်မြင့်ကြီးတစ်ခု ထပ်ရှိနေပြီး အဲဒီစင်မြင့်ပေါ်ကို မြန်မာတိုက်ပုံ၊ ပုဆိုးနဲ့ တဖြည်းဖြည်းချင်း တက်လာတဲ့ အနုပညာရှင်ကတော့ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ အကယ်ဒမီများရှင် (ကို)ရန်အောင် ပါပဲ။

သူက အဖွင့်စကားပြောမှာကို ပရိသတ်ကြီး အပါအဝင် အနုပညာရှင်တွေ၊ ပွဲစီစဉ်သူတွေ၊ ကူညီပေးတဲ့ မြို့ခံ မြန်မာလူမျိုးတွေ၊ ပရိသတ်တွေတင် မကဘဲ မြန်မာစကား လုံးဝနားမလည်တဲ့ မလေးရှားလူမျိုး အသံပိုင်းဆိုင်ရာ ပညာရှင်တွေ၊ လုံခြုံရေး တာဝန်ယူသူတွေကပါ ဇာတ်ရုံတစ်ရုံလုံး သူ့ရဲ့ အဖွင့် အမှာစကားကို စောင့်မျှော်နေချိန် မှောင်မည်းနေတဲ့ အားကစားရုံထဲက ခေတ်မီ

mgyoe.com

mgyoe.com SAMPLE BOOK

ရောင်စုံမီးဆလိုက်တွေကလည်း သူ့စကားသံကို စောင့်ဆိုင်းရင်း ငြိမ်သက်နေသလားလို့တောင် ထင်မှတ်မှားရပါတယ်။ အဲဒီအချိန်မှာ (ကို)ရန့်အောင်က သူ့ရဲ့ အသံသြဇာရှိတဲ့ ပင်ကိုသံနဲ့ အဖွင့်စကားကို စပြောပါတော့တယ်။

"**ရာစုနှစ်ရဲ့ ကြယ်ပွင့်များ** တေးဂီတ ဖျော်ဖြေပွဲကို ကြွရောက်အားပေးကြတဲ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရောက် မြန်မာနိုင်ငံသား အားလုံးနဲ့ ဂီတချစ်သူ ပရိသတ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နှစ် ဖြစ်ပါစေလို့ အနုပညာရှင်အားလုံးနဲ့ မဟာနန်းမိသားစု အပါအဝင် ကူညီဝိုင်းဝန်းပေးကြသူများ အားလုံးကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း မင်္ဂလာနှုတ်ခွန်းဆက်စကား ပြောကြားပါရစေ ခင်ဗျာ…၊

ဒီနေ့ ဒီရက်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံသားများအားလုံးရဲ့ ရာစုနှစ်အတွက် နိုင်ငံရပ်ခြားမှာ ပထမဆုံး အနုပညာရှင် လူကြီး၊ လူငယ်အားလုံး စုံညီတက်ကြွစွာ ဖျော်ဖြေခွင့်ရတဲ့ သမိုင်းဝင် နေ့တစ်နေ့ ဆိုတာကို မှတ်တမ်းတင်ပါရစေ။

ဂီတလောကမှာ ဂီတသမား အလွှာစုံ ကွဲပြားခြားနားနေလို့ စတီရီယို၊ မိုနို၊ Hip Hop ၊ Rock စတဲ့ အဖွဲ့တွေဟာ မညီညွတ်ကြဘူးလို့ အထင်အမြင်လွဲမှား ယူဆနေကြတဲ့ စကားတွေကို ဒီနေ့ ကျင်းပလိုက်တဲ့ Century Star စင်မြင့်ဖျော်ဖြေပွဲက သက်သေပြ၊ ချေဖျက်လိုက်နိုင်ပါပြီ။ ပရိသတ်နဲ့ အနုပညာရှင်အားလုံး ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းတင်ဆက်လိုက်တဲ့ 'ရာစုနှစ်ရဲ့ ကြယ်ပွင့်များ' အစီအစဉ်လေးနဲ့အတူ ပရိသတ်အားလုံး အမိမြန်မာနိုင်ငံကို ခေတ္တခဏပြန်ရောက်သွားသလို ခံစားရမယ့် 'မြန်မာတွေရဲ့ စိတ်၊ မြန်မာပြည်ရဲ့ ရှုခင်း' တွေအကြောင်း သီချင်းလေးတစ်ပုဒ်နဲ့ ကျွန်တော် စတင်သီဆိုပြီး ရာစုနှစ်ကို ဖွင့်လှစ်ခွင့်ပြုပါ ခင်ဗျား"

ဆိုတဲ့ စကားသံအဆုံးမှာ ပရိသတ်တွေရဲ့ လက်ခုပ်သံတွေက ဇာတ်ရုံတစ်ရုံလုံး ပြန့်လွင့်သွားသလို စကားမဆုံးခင် ခေတ္တရပ်နားချိန်လေးတွေမှာတောင် လက်ခုပ်သံတွေ ပြိုင်တူ တီးခတ်ပြီး ဂီတသမားတွေရဲ့ စည်းလုံးညီညွတ်မှုကို သဘောတူ နှစ်သက်ကြောင်း ပြသခဲ့တဲ့ မလေးရှားနိုင်ငံရောက် မြန်မာပရိသတ်ကြီးနဲ့အတူ 'အလင်္ကာဝတ်ရည်တေးဂီတ' အဖွဲ့နဲ့ မြန်မာပြည်ကျောက်စိမ်းရဲ့ 'မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း' တေးသီချင်းအဖွင့် တီးလုံးသံအောက်မှာ ဂစ်တာတီးဖို့ ရပ်နေတဲ့၊ စောင့်ဆိုင်းနေတဲ့ ကျွန်တော့် စိတ်အစဉ်က ဒီပွဲထဲမှာ မရှိ

mgyoe.com

mgyoe.com SAMPLE BOOK

တော့ဘဲ လွန်ခဲ့တဲ့ ၆ လလောက်က ကျွန်တော် ကွာလာလမ်ပူမြို့ကို ရောက်ခဲ့စဉ် ပွဲစီစဉ်သူ 'မစုစန္ဒီဦး'နဲ့ အကြိတ်အနယ် စကားပြော ငြင်းခုံခဲ့ရတဲ့ အချိန်လေးဆီ ပြန်လည်ရောက်ရှိသွားပါတော့တယ်။

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊**
**KLCC မျှော်စင်ညီနောင်ရှေ့**
**စက်တင်ဘာလ၏ ရက်တစ်ရက်၊ ၂၀၁၀**
**ညနေ ၆ နာရီ**

'မလေးရှားမှာ စတိတ်ရှိုးကျင်းပတဲ့ ကုမ္ပဏီရဲ့ အစီအစဉ်နဲ့ ပီနန်မြို့မှာ စင်မြင့်ဖျော်ဖြေပွဲ တီးဖို့ ရောက်နေတဲ့ ကျွန်တော်နဲ့ အဆိုတော် ဟဲလေးတို့ နှစ်ယောက်သား KLCC မျှော်စင်ညီနောင်ထဲမှာ ကိုယ် လိုချင်တဲ့ အသုံးအဆောင်တွေ၊ စာအုပ်တွေ အလုအယက် ဝယ်နေသလို လူချင်းကွဲသွားတဲ့ ကီးဘုတ်သမားလေး မျိုးဇော်နဲ့လည်း အဆက်အသွယ် မရလို့ စိတ်ပူနေမိပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ နှစ်ယောက်ကို တည်းခိုရာ ဟိုတယ်အထိ ပြန်ပို့ပေးမယ့် 'မဟာနန်း'စားသောက်ဆိုင်ရဲ့ အကြီးအကဲ မစုစန္ဒီဦးက သူ့ကားလှလှကြီးနဲ့ လာကြိုပါတယ်။



သူ့ကားပေါ် တက်ပြီး ဟိုတယ်ပြန်ကြတဲ့ခရီးမှာ သူ့ရဲ့ အစီအစဉ်ကို ပြောပြပြီး ကျွန်တော့်ဆီက အကြံဉာဏ်တောင်းပါတယ်။

သူ့ရဲ့ မြန်မာနိုင်ငံက ဂီတပညာရှင် အဆိုတော် စုစုပေါင်း ၁၀၀ ကျော် ခေါ်ပြီး Concert ပွဲအကြီးကြီး မလေးရှားမှာ လုပ်မယ့် အစီအစဉ်ကို ကြားရတဲ့ ကျွန်တော်က ပြဿနာအများကြီး တက်နိုင်တယ်။ အနုပညာသမားတွေ ဆယ်ယောက်လောက် ခရီးသွားရင်တောင် (မကိုင်တွယ်တတ်ရင်)

mgyoe.com

mgyoe.com SAMPLE BOOK

ပြဿနာ ဖြစ်နိုင်တာ အခုလို တီးဝိုင်းကလည်း အများကြီး၊ အဆိုတော်တွေက လည်း ငါးဆယ်ကျော်၊ အစီအစဉ်ကြောင့် ဖျော်ဖြေချိန်ကလည်း သီချင်း တစ်ယောက် နှစ်ပုဒ်၊ သုံးပုဒ် ဆိုတာနဲ့တင် ၁၀ နာရီနီးပါးလောက် ဖြစ်နေလို့ ပရိသတ်လည်း ငြီးငွေ့မှာ သေချာတယ်။ မဖြစ်နိုင်ဘူး။ ရိုးရိုးတန်းတန်းပုံစံပဲ အရှုံး အမြတ် မများတဲ့ စတိတ်ရှိုး လုပ်သင့်ကြောင်း အတိုက်အခံ စကားကို သူ လိုက်ပို့တဲ့ ကားစီးပြီး မျက်နှာပူပူနဲ့ ပြောခဲ့ရပါတယ်။

ရန်ကုန်မှာတောင် ခရီးတစ်ခု သွားမယ်ဆိုရင် တီးဝိုင်း နှစ်ဝိုင်း တွဲပြီး ခရီးမထွက်ဘူးလို့ မဖြစ်နိုင်ဘူးဆိုတဲ့ အသိနဲ့ ဟိုတယ် ပြန်ရောက်တော့ ကျေးဇူးတင် စကားပြော၊ စိတ်ထဲမှာတော့ ဖွဲဖွဲလမ်းလမ်း မဖြစ်မိခဲ့ပါဘူး။ Lazy Club မန်နေဂျာကိုတောင် သူက ညပိုင်း အဲဒီပွဲအတွက် စကားပြော တိုင်ပင်ဖို့ ကြိုတင် ချိန်းထားလို့ ညပိုင်း ပွဲစီစဉ်တဲ့ ကုမ္ပဏီက ပွဲစီစဉ်သူတွေက အဆိုတော်တွေ ပတ်စ်ပို့ ပြန်မပေးသေးလို့ ဟိုတယ်ဧည့်ခန်းမှာ ပြဿနာဖြစ်နေချိန်၊ ကျွန်တော့် ကို မြင်တော့ ဝမ်းနည်းပက်လက် ငိုပြီး ကူညီဖို့ ပြောတဲ့ စန္ဒီမြင့်လွင်ရဲ့ အမေနဲ့ ဖြူဖြူကျော်သိန်းတို့ သားအမိရဲ့ စကားတွေ နားထောင်ပြီး ပတ်စ်ပို့တွေ ပြန်ပေး ဖို့ ပွဲစီစဉ်သူကို ပြောနေချိန်၊ Lazy Club မန်နေဂျာကိုပါ ဖုန်းဆက်ပြီး ဟိုတယ် ပြန်ခဲ့တော့လို့ ပြောခေါ်ရပါတော့တယ်။ မန်နေဂျာ ရောက်လာတော့ အတူတူ ပါလာတဲ့ မစုနဲ့တောင် စကားမပြောဖြစ်ဘဲ အဲဒီစင်ကာပူရီစတား ကိစ္စကြီးဟာ ပြီးပြီးပြတ်ပြတ် ဖြစ်သွားမှာပါ၊ အချိန်တန်တော့လည်း သူလည်း မေ့၊ ပွဲလိုက် မှားရင် အဆိုတော်တွေကလည်း ငြင်းကြ၊ ရစ်ကြရင်းနဲ့ အစီအစဉ် ပျက်သွားမှာ ပါလို့ပဲ။ တကယ့်ကို ဒီပွဲ လုပ်မယ့်အပေါ် ပထမဆုံး အထင်အမြင် သေးခဲ့သူက ကျွန်တော် ဆိုတာကို အရင်ဝန်ခံပါတယ်။ ဒါပေမဲ့လည်း…။

*နံနက်ခင်းသတင်းဂျာနယ်၊ ၉ မတ်လ ၂၀၁၁ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

- ၂ -

'မဟာနန်း' စာသောက်ဆိုင် နှစ်ပတ်လည် စတိတ်ရှိုးလုပ်တဲ့ ကွာလာလမ်ပူမြို့ကို နောက်နှစ်လလောက်အကြာ ကျွန်တော် ရောက်ခဲ့ပြန်တော့ ဒီပွဲအတွက် တာဝန်ရှိသူ 'မစု'နဲ့ စကားပြော အကြံပေးခဲ့တဲ့ အဆိုတော် မာရဇ္ဇကပါ စင်ကျူရီစတားပွဲကြီး လုပ်မယ့် မစုရဲ့ အကြံအစည်ကို သိခဲ့ပြီး မဖြစ်နိုင်တဲ့ အစီအစဉ်ကြီးက မစုရဲ့ အိပ်မက်ဖြစ်ပေမယ့် တကယ် အကောင်အထည်ဖော်တော့မယ့် အရိပ်အယောင်တွေ စတွေ့လာရပါတယ်။ မြန်မာပြည်မှာ အဆိုတော်တွေ၊ တီးဝိုင်းတွေ ငှားဖို့ (ပွဲစီစဉ်သူ) ဘိုစန်းကို အကူအညီတောင်းထားတယ်လို့ သိရတာကြောင့် မယုံမရဲ အခြေအနေကနေ ဖြစ်လာမယ့် အရိပ်အယောင်လေးတွေတော့ စမြင်တွေ့လာရပြီ။ ဒီလိုနဲ့ မလေးရှား-ရန်ကုန် အဆက်အသွယ် လုပ်ပြီး ကျွန်တော်တို့ Lazy Club လက်ထဲ စရန်ငွေ ရောက်လာခဲ့တာမို့ K.L ပွဲ အကျေအလည် ရန်ကုန်မှာ ရပြီးသား ကျွန်တော်တို့က ဘယ်သူတွေ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အဆိုတော် ၅၀ သီဆိုမယ့်ပွဲကိုတော့ တီးခတ်ပေးဖို့ သေချာသွားပါပြီ။

အဲဒီအချိန်ထိ ကျွန်တော်က နောက်ကွယ်က လူတစ်ယောက် ဖြစ်နေဆဲပါ။ ခေတ်အလိုက် အဆိုတော်တွေ ဆိုကြတာ တီးပေးဖို့ Aurora ၊ Emperor ၊ Lazy Club စတဲ့ ဂီတစုံ တီးဖို့ တီးဝိုင်းတွေ သဘောတူကြပေမယ့်

mgyoe.com SAMPLE BOOK

သူ့အစီအစဉ်ထဲမှာ ပါတဲ့ မြန်မာမှုတေးဂီတဝိုင်း ဖြစ်တဲ့ 'မြို့မ'ကတော့ ရ၊ မရ မသေချာသေးဘူးဆိုတာ သိလာရပါတယ်။ ဒီလို အခက်အခဲတွေကြားမှာပဲ ပွဲအတွက် လိုအပ်တဲ့ ဆောင်ရွက်မှုတွေ လုပ်ဖို့ ရန်ကုန်ကို မစု ရောက်လာပါတယ်။

ညတစ်ညမှာ ကျွန်တော့်ဆီ မစု ဖုန်းဆက်ပါတော့တယ်။ စားသောက်ဆိုင်တစ်ခုမှာ စားနေကြပါတယ်။ ကျွန်တော်နဲ့ ပွဲကိစ္စ ဆွေးနွေးချင်လို့ လာခဲ့ပါလို့ ပြောလာတာကြောင့် ည ၉ နာရီလောက် ကားမောင်းပြီး ထွက်ခဲ့ရပါတော့တယ်။ မစုနဲ့အတူ သူ့အစ်မတွေဖြစ်တဲ့ မအေး၊ မအေးငယ်၊ ကျွန်တော့်ရဲ့ စာပေမိတ်ဆွေ စာဖတ်ပရိသတ် (ဦးလှဝင်း)တို့ အတူတူ ရှိနေကြပါတယ်။ ပွဲကြီးအတွက် လိုအပ်တဲ့ အကြံဉာဏ်တွေ ပေးပါလို့ အကူအညီတောင်းတဲ့ မစုတို့ ညီအစ်မတွေကို ကျွန်တော်က သိချင်တာ စုံစမ်းတီးခေါက်ကြည့်ပါတော့တယ်။ အဲဒီမှာတင် အနုပညာသမားတွေရဲ့ ပြဿနာ ဖြစ်နိုင်တဲ့ ကိစ္စတွေကိုမှ ကိုင်တွယ်ချင်တဲ့ မစုရဲ့ ဆန္ဒတွေကို မြင်လာရပါတော့တယ်။ ဥပမာ- သီချင်းဆိုမယ့် အဆိုတော်တွေကို တစ်ပွဲလုံးမှာ ဆိုနေကျ သီချင်း နှစ်ပုဒ်ပဲ ဆိုရမယ် ဆိုတာကြောင့် တချို့သော (ဖိုးဆိုချင်) အဆိုတော်တွေ၊ မိုက်ခဲမယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေ ကျေနပ်မှာ မဟုတ်နိုင်ဘူးလို့ သိခဲ့ရသလို မလေး (K.L)၊ ပီနန်၊ စင်ကာပူ ၃ မြို့မှာ သီချင်း မတူစေရဘဲ ၆ ပုဒ် ဆိုစေချင်တဲ့ ဆန္ဒကြောင့် သီချင်း သိပ်မရှိသေးတဲ့ အဆိုတော်နဲ့ ပရိသတ် နားထောင်ချင်တဲ့ သီချင်း တစ်ပုဒ်ကို မြို့တစ်မြို့မှာပဲ ဆိုခွင့်ရမယ့် အဆိုတော် ချစ်ပရိသတ်တွေ ဖြစ်တဲ့ အခြားမြို့က လူတွေ မကျေမနပ် ဖြစ်နိုင်ကြလို့ အဲဒီလို သီချင်းဆိုခွင့် ပုဒ်ရေ ကန့်သတ်တာ ပြဿနာမရှိပေမယ့် (အချိန်ကြောင့်ပါ) ဆိုမယ့် သီချင်းကိုတော့ အဆိုတော်တွေပဲ ရွေးချယ်ပါစေ။ သူ ကြိုက်တဲ့ သီချင်းဆိုခွင့်ပေးပါလို့ ဆွေးနွေးမိပါတယ်။ ဒါပေမဲ့ မစုက မလေးရှားမှာ ရှိတဲ့ မြန်မာပရိသတ် နေရာစုံက အကြံပြုချက်တွေ တောင်းပြီး အဲဒီပရိသတ်တွေပဲ တောင်းဆိုတဲ့ သီချင်းကို ပရိသတ်အကြိုက်၊ တီးဝိုင်းက အကြိုက်၊ အဆိုတော်က အကြိုက် သုံးမျိုးထဲကမှ စိတ်ကြိုက်ရွေးမယ် ဆိုလာတာကြောင့် နေရာတကာမှာ နိုင်ငံခြားဆန်ချင်ရင် ရနိုင်ပေမယ့် သီချင်း Notes တောင် ပြည့်ပြည့်စုံစုံမရှိတဲ့ အဆိုတော်တချို့ ပြဿနာ ကြုံဖူး၊ စင်ပေါ်ရောက်မှ လက်တန်းပြောပြီး တီးရတဲ့ အဆိုတော်တွေနဲ့ တွေ့ဖူးတဲ့ ကျွန်တော်က သူ ဘယ်လိုပဲ အစီအစဉ်ဆွဲဆွဲ၊ တကယ် ဆိုရင်

mgyoe.com

mgyoe.com SAMPLE BOOK

တီးရင် ကိုယ်ကြိုက်တာသာ ဆိုကြမှာ သိနေပြီးဖြစ်လို့ အမုန်းပွားခံပြီး အတိုက် အခံ မပြောတော့ဘဲ နေလိုက်ပါတယ်။

သူ့ရဲ့အစီအစဉ်တွေထဲမှာ တီးဝိုင်း လေးဝိုင်း၊ DJ စက်တစ်စုံစာ တီးဝိုင်း ပစ္စည်းတွေ ငှားမယ် ဆိုတာကြောင့် နိုင်ငံခြား သွားတီးတိုင်း (အမေရိက ကလွဲလို့) စက်ပစ္စည်း အခက်အခဲ တွေ့ရတဲ့ ကျွန်တော့်မှာ ဒီတစ်ခါကျတော့ ကောင်းပေ့၊ ကိုယ် ကြိုက်တဲ့ AMP တွေ၊ ဂစ်တာတွေ စာရင်းပေးပါ၊ ငှားပေး မယ် ဆိုတဲ့ ပွဲစီစဉ်သူကြောင့် မယုံနိုင်အောင် ဖြစ်ရပါတယ်။ အဲဒီမှာတင် စက်အစုံတင်မကဘဲ မိုက်ကရိုဖုန်းတွေ အဆိုတော် ၅၀ အတွက် အလုံး ၅၀ ငှားထားမယ်လို့ ပြောလာတာကြောင့် မျက်လုံးပြူးသွားပါတယ်။ အဆိုတော် တစ်ယောက်နဲ့ တစ်ယောက် အသံ မတူကြလို့ တစ်ယောက် မိုက်ကရိုဖုန်း တစ်လုံးနဲ့ လူအယောက် ၅၀၊ အလုံး ၅၀ ဆိုတော့ ကျန်တဲ့ ဟာမိုနီ၊ ဒရမ်၊ တူရိယာပေါင်းစုံ မိုက်ကရိုဖုန်းတွေ ပေါင်းလိုက်ရင် ဘယ်လိုမှ အင်ဂျင်နီယာ ကိုင်တွယ်နိုင်မှာ မဟုတ်ဘူးဆိုတာ (အသံပိုင်းကတော့ ကိုယ့်အလုပ်မို့) သေသေ ချာချာ ကန့်ကွက်ရပါတော့တယ်။ အဆိုတော်က စင်မြင့်ပေါ် တက်ဆိုရမှာဖြစ်လို့ စင်မြင့်ပေါ်မှာ အကောင်းစားမိုက် ၃ လုံးလောက်ပဲ ထားရင် ရပါတယ်။ တကယ်သာ အလုံး ၅၀ ငှားရင် ပိုက်ဆံရလို့ ငှားပေးသူက ဘာမှ တာဝန်မရှိ ပေမယ့် အလုပ်နဲ့ ပတ်သက်ပြီး မိုက်ကရိုဖုန်း ၅၀ က မလိုအပ်ဘဲ ငှားလို့ ငွေကုန်ကြေးကုန်များ၊ ပွဲရှုံးရင် အနုပညာသမားတွေအပေါ် ကျမှာ စိုးရိမ်စိတ်နဲ့ မငှားဖို့ အတင်းဖျက်ခဲ့ရပါတယ်။ အဆိုတော် ၅၀ ထဲမှာသာ မိုက်ကရိုဖုန်း ၅၀ ပေးလိုက်ရင် မိုက်ပိတ်မှန်း၊ ဖွင့်မှန်း မသိတော့ဘဲ စကားပြောနေတဲ့ အသံတွေကို ပရိသတ် ကြားနိုင်သလို ဘယ်အဆိုတော် စင်ပေါ် တက်ဆိုမလဲ၊ ဘယ်မိုက်က အသံထွက်တာလဲ၊ Channel ထဲက လိုက်ရှာနေချိန် သီချင်း က ပြီးခါနီးမှ အသံထွက်မှာ စိုးရိမ်စိတ်နဲ့ ကြိုသိနေလို့ မျက်နှာပူပူနဲ့ ဖျက်ခဲ့ရ ပါတယ်။ ရယ်စရာ ဟာသတစ်ခုထဲကလို တောကလူတွေ မြို့တက် ခေါက်ဆွဲ စားကြတော့ ဘုမသိဘမသိ တောက လူက 'မြို့သားတွေ စားသလို စားမယ်' ဆိုပြီး စားပွဲထိုးကို 'လူခေါက်ယောက်အတွက် အစိမ်းကြော် ခေါက်ပွဲ' ဆိုတဲ့ အဖြစ်မျိုး ဖြစ်မှာစိုးလို့ မလိုအပ်တဲ့ မိုက်ကရိုဖုန်းအလုံး ၅၀ စီမံကိန်းကို ဖျက်ခဲ့ရပါတယ်။ တကယ့်ပွဲမှာလည်း မိုက်ကရိုဖုန်း ၃၊ ၄ လုံး ပွဲစင်ပေါ်မှာ ရှိနေလို့ အဆင်ပြေသွားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK




ဒီထက် ပိုအရေးကြီးတဲ့ အချက်တစ်ခု ညှိပေးဖို့ ပြောလာတဲ့စကား ကြားရတော့ ကျွန်တော် မျက်လုံးပြူးရပါတော့တယ်။ အဲဒါက အဆိုတော် တစ်ယောက် တစ်ပုဒ် ဆိုပြီးတာနဲ့ တီးဝိုင်းက ရပ်၊ နောက်တစ်ဝိုင်းက တစ်ပုဒ် တီး စသဖြင့် အစဉ်လိုက် လှည့်တီးကြမယ့် အစီအစဉ်ဆိုတော့ ရန်ကုန်က တာဝန်ခံ ဘိုစန်းတို့၊ အိကြာကွေး၊ ကိုဖိုးလစ် စသဖြင့် ပုဂ္ဂိုလ်တွေက မဖြစ်နိုင်ဘူး၊ ကန့်ကွက်ကြတာမို့ ကျွန်တော့်ကို တိုက်တွန်းပေးဖို့ အကူအညီ တောင်းလာပါ တယ်။ တကယ်တမ်း အဆိုတော်ကြီး ၃၊ ၄ ယောက်ကတော့ စင်ပေါ်က တစ်ပုဒ်ပဲ ဆိုပြီး ပြန်ဆင်းရမှာ အဆင်မပြေနိုင်လို့ ဆိုမှာ မဟုတ်ဘူး။ အများစု အဆိုတော်တွေကတော့ ငြင်းမှာ မဟုတ်ဘူးလို့ သိနေတာကြောင့် သီချင်းတစ်ပုဒ် ပဲ ဆိုပြီး စင်ပေါ်က ဆင်းရမှာ မကျေနပ်နိုင်တဲ့ အဆိုတော်လို့ (ယူဆရမယ့်) နာမည်တွေပဲ ကျွန်တော် ပြောပြပြီး မန်နေဂျာတွေနဲ့ ညှိနှိုင်းကြည့်ပါ၊ အဆင်ပြေ ပါလိမ့်မယ် အကြံပေးပြီး ပြန်ခဲ့ပါတယ်။ အဲဒီမှာ မစုက လိုအပ်ရင် စင်ကာပူမှာ လိုအပ်တဲ့ တီးဝိုင်းတွေ ထားရမယ့်နေရာတွေ၊ မိုက်ကရိုဖုန်းတွေ ထားရမယ့်၊ မြန်မာတူရိယာတွေနဲ့ နေရာချထားမှု တိုင်ပင်ပြောပြဖို့ ကျွန်တော်နဲ့ လီယိုနာ့ဒ် မောင်မောင်လွင် နှစ်ယောက်ကို စင်ကာပူ သွားပေးပါဆိုပြီး ခွင့်တောင်းပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ကျွန်တော်လည်း ရန်ကုန်ကို လှမ်းဖုန်းဆက်ရင် နေရာအနေအထား ပုံစံကို စာရွက်ပေါ်မှာရေး၊ Online က ပို့လိုက်ရင် ရရက်နဲ့ တကူးတက စင်ကာပူ လွှတ်လို့ ကုန်ကျမယ့်စရိတ်တွေက ပွဲအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ရင် ဒုက္ခပါပဲလို့ စိတ်ပူမိပေမယ့် လူအပိုခေါ်ဖို့တောင် ပိုက်ဆံမတတ်နိုင်တဲ့ ပွဲကန်ထရိုက်တွေရဲ့ လူလျှော့စိမံကိန်းတွေ ရှိနေတဲ့ ကျွန်တော် စင်ကာပူနိုင်ငံကို ဆွေးနွေးပွဲတက်ဖို့ အရင်သွားခိုင်းမယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စလို့ ယူဆပြီး ခပ်ပေါ့ပေါ့ပဲ လိုရင် သွားတာပေါ့လို့ ပြောခဲ့ပြီး ပြန်ခဲ့သလို မြန်မာမှုတေးဂီတဝိုင်း အဆင်မပြေတဲ့သတင်း သိရလို့ ရန်ကုန်က 'အလင်္ကာဝတ်ရည်' တေးဂီတဝိုင်း ခေါ်သင့်တယ်လို့ အကြံပြုခဲ့ရသလို ဆက်သွယ်ဖို့ လိပ်စာ မေးမြန်းတဲ့ ဦးလှဝင်းကိုတောင် တယ်လီဖုန်းကတစ်ဆင့် အဆက်အသွယ်ရဖို့ လမ်းညွှန်ခဲ့ရပါသေးတယ်။ စိတ်ထဲမှာတော့ မစုရဲ့ စိတ်ကူးဟာ မြင့်မားပေမယ့် သူ ထင်သလို ဖြစ်မလာရင် ဘာလုပ်မလဲ၊ Plan B အတွက် အမြဲစိတ်ပူတတ်တဲ့ ကျွန်တော်က သူ့အတွေးနဲ့ သူ့အတွေ့အကြုံအရ နိုင်ငံရပ်ခြားမှာ စားသောက်ဆိုင်ကြီးတင်မက လုပ်ငန်းစုကြီးပါ ဦးဆောင်နိုင်နေတဲ့ ငယ်ရွယ်သူတစ်ယောက်ကို ဘာစီးပွားရေးမှ မလုပ်တတ်၊ ပိုက်ဆံကို တိုးပွားအောင်လည်း မလုပ်တတ်ဘဲ ဂစ်တာသာ



mgyoe.com

mgyoe.com SAMPLE BOOK

တီးတတ်တဲ့ ကျွန်တော်က 'မိကျောင်းမင်း ရေကင်းပြ' ဖြစ်နေမှာမို့ သူ ကတဲ့ ဇာတ်လမ်း အဆင်ပြေပါစေလို့ ဆုတောင်းရုံပဲ တတ်နိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ နောက်တစ်နေ့ မနက် ယုဇနဂါးဒင်းဟိုတယ်မှာ မင်္ဂလာပွဲတစ်ခု တီးပြီးချိန် ရွှေလိပ်ပြာဟိုတယ်မှာ ပြုလုပ်တဲ့ စာနယ်ဇင်းဆရာ ၁၀ ယောက်လောက်နဲ့ တွေ့ဆုံပွဲ ကျွန်တော် တက်ခဲ့ရပါတယ်။ စာနယ်ဇင်းဆရာတွေကို မလေးရှား၊ စင်ကာပူပွဲ ကျင်းပမယ့် ဇာတ်ရုံပုံစံတွေ ဆွဲထားတဲ့ Stage Plan ကို ချပြပြီး ပွဲနဲ့ ပတ်သက်တဲ့ မစုရဲ့ ကြိုးပမ်းမှုတွေ ရှင်းပြရပါတော့တယ်။ အကျွေးအမွေး မစခင် ဂျာနယ်ဆရာတစ်ယောက်ရဲ့ စကားကြောင့် ကျွန်တော့်မှာ စင်ကျူရီစတားပွဲကြီးရဲ့ အောင်မြင်မှုရဖို့ ထိပ်ဆုံးက ကြိုးစားရမယ့်စိတ် ဖြစ်မိပါတော့တယ်။ အဲဒီစကားကတော့ 'ဒီပွဲကြီး တီးခတ်ဖျော်ဖြေပြီးလို့ မြန်မာပြည် ပြန်ရောက်ရင် အခုလို စာနယ်ဇင်းပွဲတွေ လုပ်ပြီး ပြဿနာသတင်းတွေ မကြားပါရစေနဲ့' ဆိုတဲ့ ဆုတောင်းစကားလိုလို၊ ဆုံးမစကားလိုလို အဓိပ္ပာယ်ကြောင့် လူ ၁၀ ယောက်လောက် သွားတဲ့ စတိတ်ရှိုးတွေမှာတောင် ပြဿနာတွေ အမြဲ ရှင်းရလေ့ရှိတာ အခုလို MEGA STAR (မြန်မာပြည်ကနော်… ဟဲ ဟဲ) ၅၀ သွားမယ်၊ တီးဝိုင်းက လေးဝိုင်း၊ အဖော်တွေလည်း ပါ၊ ဟာမိုနီကလည်း နှစ်ဖွဲ့၊ ပြဿနာပေါင်းစုံမှာမှ ပွဲစီစဉ်သူရဲ့ အစီအစဉ်ကလည်း ပြဿနာကို ဦးတည်နေ၊ နိုင်ငံကလည်း နှစ်နိုင်ငံက ကူးရမယ်၊ ရက်ကလည်း ၃ ရက်၊ ဆက်တိုက် မအိပ်မနေ လုပ်ရမှာ သိထားလို့ သူ့စကားက လက်ဖွဲ့ထိုးမယ့် လက်ဖွဲ့သမား စင်မြင့်ပေါ် တက်ခါနီး ပြန်ဆင်းလာရင် ဒဏ်ရာ မရပါစေနဲ့လို့ ဆုတောင်းပေးပါတယ် ဆိုသလို ဖြစ်နေပါတော့တယ်။ မသွားရင်လည်း ကဲ့ရဲ့ခံရ၊ ပြန်လာရင်လည်း ပြဿနာသတင်း နည်းနည်းကြားတာနဲ့ မသွားခင်ကတည်းက ပြောပြီးသားပဲ ဆိုပြီး အပြောခံရမှာ သိနေပါတယ်။ (တကယ်လည်း ရန်ကုန်ကို ပြန်ရောက်ချိန် အဲဒီအတိုင်း ကြုံရပါတော့တယ်။)

ဒါကြောင့် စာနယ်ဇင်းအားလုံးနဲ့ တွေ့ဆုံပွဲ City Star ဟိုတယ်မှာ မနက် ၁၀ နာရီ ကျင်းပတော့ ကျွန်တော် စကားပြောခွင့်ရချိန် 'ကျွန်တော်တို့ အနုပညာသမား ၁၀၀ ကျော် ရန်ကုန်မြေက ထွက်ပြီး နိုင်ငံခြားစင်မြင့်ပေါ် ခြေချနိုင်ကတည်းက အောင်မြင်ပါပြီ၊ ဆုံးရှုံးမှုဆိုတာ ရှိနိုင်ပါတယ်။ ရာခိုင်နှုန်း ၇၀ လောက် အောင်မြင်ခဲ့ရင်လည်း ဝမ်းသာရမှာပါ' ဆိုပြီး ဖြစ်လာမယ့် အခက်အခဲတွေကို ကြိုသိနေလို့ မိုးကြိုးပစ်တာ၊ ထန်းလက်နဲ့ ကာခဲ့တာ ပွဲတက်

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့တဲ့ စာနယ်ဇင်းသမားတွေ သိကြပေမယ့် စာနယ်ဇင်းပွဲ မပြီးခင် မြေပဒေသာကျွန်းမှာ VCD ရိုက်ကူးနေလို့ အမြန်ပြေးလွှားသွားခဲ့ရတာကြောင့် စာနယ်ဇင်းပွဲအပြီး Group ဓာတ်ပုံမှာ ကျွန်တော့်ပုံ မပါခဲ့တာဘဲ ပြဿနာတွေထဲက ကြိုပြီးရုန်းထွက်ရမယ့် နိမိတ်လို့ ယူဆရမလို ဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့ MAX စတူဒီယိုမှာ ချစ်သူရဲ့ပုံပြင် ၂ စီးရီးသွင်းနေတုန်း မထင်မှတ်တဲ့ လက်ကိုင်ဖုန်းတစ်ခုဝင်လာပါတော့တယ်။ ကျွန်တော်လည်း အဲဒီဖုန်းထဲက စကားကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရပါတော့တယ်။ အကြောင်းရင်းက…

*နံနက်ခင်းသတင်းဂျာနယ်၊ ၁၆ မတ်လ၊ ၂၀၁၁ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

- ၃ -

'မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၊ မနက် ၅ နာရီ၊
လ၊ ၁ ရက်၊ ၂၀၁၁'

ကျွန်တော် မင်္ဂလာဒုံလေဆိပ် ဆင်ဝင်အောက်ကို Taxi နဲ့ ရောက်ချိန် အလင်းရောင် မထွက်သေး။ မိုးတောင် မလင်းသေးပါ။ ဆင်ဝင်အောက်မှာ ကြိုတင်စောင့်နေတဲ့ မအေးငယ်နဲ့ သူ့ဝန်ထမ်းလေးတွေက ကျွန်တော့် ပတ်စ်ပို့၊ ကျွန်တော် စီးရမယ့် MAI လေယာဉ်လက်မှတ်၊ D Form စသဖြင့် ယူသွားရမယ့် စာရွက်စာတမ်းတွေ လာပေးပါတယ်။

ကျွန်တော်လည်း ခရီးသည်စောင့်တဲ့ ခုံတန်းမှာ ဝင်ထိုင်ပြီး ခဏနေတော့ (ကို)ခင်ဇော်(အလင်္ကာဝတ်ရည်) အသံပိုင်းတာဝန်ခံ ရောက်လာပါတယ်။ သိပ်မကြာခင်မှာပဲ ကိုမောင်မောင်လွင်(လီယိုနာ့ဒ်)(Emperor) လည်း ရောက်လာပါတယ်။ သူ့ပုံစံကလည်း အူကြောင်ကြောင် ဖြစ်နေပါတယ်။ သူ့လိုပဲ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ လေဆိပ်ဆင်းခဲ့ရလို့ သုံးယောက်သား ပစ္စည်းတွေ၊ စာရွက်စာတမ်းတွေ စုံပြီဆိုတော့မှ အထဲ ဝင်ခဲ့ကြပါတယ်။

ဖြစ်ပုံက ဒီလိုပါ။ မနေ့က နေ့လယ် MAX စတူဒီယိုမှာ 'ချစ်သူပုံပြင် ၂' တေးစီးရီး Backing သွင်းနေတဲ့အချိန်၊ ပြီးလို့ ထမင်း စုစားကြချိန် ဖုန်းတစ်ခု ဝင်လာပါတယ်။ နားထောင်လိုက်တော့ မအေးငယ် ဖြစ်နေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူက "ကိုနိုင်ဇော်... မနက်ဖြန် စင်ကာပူ သွားရမယ်၊ ညပိုင်း အိမ်ကို D Form နဲ့ လေယာဉ်လက်မှတ် လာပေးမယ်" လို့ ပြောတာကြောင့် မထင်မှတ်ဘဲ စင်ကာပူ သွားရမယ့်အဖြစ် သိရချိန်၊ ပတ်စ်ပို့တွေ သူ့လက်ထဲမှာမို့ ဒီလောက် မြန်မြန်ဆန်ဆန် လွှတ်လိမ့်မယ် မထင်ထားတာရယ်၊ ဘယ်ပွဲစီစဉ်သူမှ နိုင်ငံခြားကို အသံပိုင်းကိစ္စ ညှိနှိုင်းဖို့ ကြိုတင်လွှတ်တာ မကြုံဘူးလို့ အငိုက်မိပြီး ဘာမှ စီစဉ်ချိန်မရဘဲ အလုပ်တွေ၊ သီချင်းတီးရမယ့် နေ့တွေ၊ မင်္ဂလာဆောင် တီးရမယ့် ပွဲတွေ၊ ပြန်လွှဲ၊ အချိန်ရွှေ့ပြီး ၃ ရက်တာ စင်ကာပူ သွားဖို့ ဖြစ်လာပါတော့တယ်။ စင်ကာပူ သွားရမယ်မှန်း သိတာနဲ့ Jolly Bird ဂစ်တာဆိုင်မှာ ကိုယ် ကြိုက်တဲ့ ဂစ်တာတစ်လုံး ညနေပိုင်း ပြေးဝယ်တော့ သူငယ်ချင်းတွေက စင်ကာပူမှာ မဝယ်ဘဲ ရန်ကုန်မှာ ဝယ်လို့ ငကြောင်ဆိုပြီး အထင်ခံရပါတော့တယ်။ ကိုယ့် ဝမ်းနာ ကိုယ်သာသိလို့ စင်ကာပူက ဈေးအကြီးစား ဂစ်တာတွေ မြင်ပြီး မဝယ်နိုင်ဘဲ မကြိုက်တဲ့ဂစ်တာ၊ ပုံစံတူပြီး အသံမကောင်းတဲ့ ဂစ်တာ၊ ဈေးပေါပေါနဲ့ ဝယ်မိမှာ သိတဲ့ ကိုယ့်စိတ်ကိုယ် ကြိုသိနေလို့ ရန်ကုန်မှာပဲ ဂစ်တာ ကြိုတင် ဝယ်ပြီး ပိုက်ဆံ အရင်ကုန်အောင် လုပ်ရတဲ့ ကျွန်တော့်"ဖော်မြူလာစနစ်သစ်ပါ။ အရင်နှစ်က အမေရိကကို မသွားခင် ဗိုလ်ချုပ်ဈေးမှာ တွေ့တဲ့ သူငယ်ချင်း တစ်ယောက်က ပိုက်ဆံအိတ် U.S.A က ဝယ်ခဲ့ပါဆိုလို့ "ငါတောင် အခု U.S မှာ မဝယ်ချင်လို့ အခု ဗိုလ်ချုပ်ဈေးမှာ လာရှာတာ" ဆိုပြီး အဖြစ်မှန် ရှင်းပြချင်စိတ် ဝင်မိပါတယ်။

အခုလည်း စင်ကာပူ မထင်မှတ်ဘဲ အသံပိုင်းဆိုင်ရာ တိုင်ပင်ဖို့ လွှတ်လိုက်တဲ့ ကျွန်တော်တို့ သုံးယောက် လေဆိပ်ထဲဝင်၊ လေကြောင်းလိုင်း ဂိတ်နံပါတ် ၄ ဆိုတော့ ၄ နံပါတ် လိုက်ရှာတဲ့ ကျွန်တော့်ကို တာဝန်ရှိသူ အန်ကယ်တစ်ယောက်က ဒီကပဲ အမြဲသွားနေတာ၊ အခုမှ နိုင်ငံခြား သွားဖူးတဲ့ သူကျနေတာပဲ ဆိုပြီး စပါတယ်။ ကျွန်တော်က နိုင်ငံခြားမှာ သူ့နံပါတ်နဲ့သူ ဝင်ရတဲ့ ဂိတ်တံခါးတွေကို အကျင့်ပါနေလို့ အခု (၃ နဲ့ ၄) ပေါင်းဝင်ရတဲ့အခါ ကြောင်တောင်တောင် ဖြစ်သွားတာပါလို့ ပြန်ရှင်းပြခဲ့ရပါတယ်။

စင်ကာပူကို ကျွန်တော် တီးဝိုင်းနဲ့ သွားတယ်ထင်ပြီး ဂစ်တာ ပါမလာဘူးလားတောင် မေးသူတွေက မေးကြပါတယ်။ အခုလို အလုပ်ကိစ္စနဲ့ သွားရပြီ ဆိုတော့ လွှတ်လွှတ်လပ်လပ် ဖြစ်ရမယ့်အစား ငါတို့ကို ဘာအတွက်နဲ့ စင်ကာပူ အထိ ပို့တာလဲလို့ စဉ်းစားပြီး စိုးရိမ်စိတ်ဝင်မိပါတယ်။ ကျွန်တော် မနက်စောစော

mgyoe.com

mgyoe.com
SAMPLE BOOK

ရေချိုးပြီး လေဆိပ် ဆင်းခဲ့ရချိန်၊ အအေးပတ်ပြီး ဖျားချင်သလိုလို ဒီခရီးမှာ ဖြစ်ခဲ့တာကလည်း ထူးဆန်းပါတယ်။ မနက်အစောကြီး ပြည်တွင်းပြည်ပ လေယာဉ် စီးရတိုင်း၊ ခရီးတွေ ထွက်ရတိုင်း ရေချိုးတာ တစ်ခါမှ မဖျားဖူးခဲ့တာ အခုတော့ စဖျားပါပြီ။ လေယာဉ်ပေါ် ရောက်လို့ မနက်စာ စားပြီးချိန် လေယာဉ်ပေါ်က အအေးဓာတ်ကြောင့် ထူးဆန်းစွာ ကျွန်တော် အသံလုံးဝမထွက်တော့ဘဲ အသံ ဝင်သွားတာကြောင့် စကားသံဖျော့ဖျော့လေးပဲ လူမမာ ညည်းသလို ပြောနိုင်ပါ တော့တယ်။ ဒီ'ကြယ်စင်စုခရီး' စင်ကျူရီစတားပွဲ စင်ကာပူနိုင်ငံ ဖျော်ဖြေပွဲ ကိစ္စ အနှောင့်အယှက်ရှိမှာ ကြိုသိတဲ့ ကျွန်တော့် ကိုယ်စောင့်နတ်က ပထမ တစ်ခါ စာနယ်ဇင်းပွဲမှာ ဓာတ်ပုံရိုက်ချိန် မပါဝင်ခိုင်းခဲ့သလို ဒုတိယအကြိမ် စင်ကျူရီပွဲမှာ အသံမထွက်ဘဲ တိတ်တိတ်နေပါ။ စကားမပြောပါနဲ့၊ ပြဿနာ ရှိတာယ်ဆိုတဲ့ သတိပေးသလို ထူးဆန်းစွာ အသံပျောက်ခဲ့ရတဲ့ တိုက်ဆိုင်မှုကိုလည်း မမေ့နိုင်အောင် ဖြစ်ခဲ့ရပါတော့တယ်။ ဒီလောက် စကားပြောချင်တဲ့ကောင် မှတ်ပြီလားလို့ ဆုံးမသလို ကျွန်တော် စကားသံမထွက်နိုင်လို့ စင်ကာပူလေဆိပ် ရောက်ချိန် လာကြိုမယ့်သူ မရှိကြတာကြောင့် လီယိုနာ့ဒ်(ကို)မောင်မောင်လွင် ကိုပဲ ကျွန်တော်က Sixth Sense ရုပ်ရှင်ထဲက တစ္ဆေလို သူ့နားကပ်ပြီး စကား တိုးတိုးလေး အသံသဲ့သဲ့နဲ့ ပြောခိုင်းပြီး ဖုန်းဆက်ခိုင်းရပါတော့တယ်။ သူက ဖုန်းဆက်ပေးတော့ လာကြိုတဲ့သူနဲ့ အဆက်အသွယ် ရသွားပါတယ်။ လာကြိုတဲ့ သူကလည်း တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့် ငယ်သူငယ်ချင်းအရင်း 'ဇော်ဝင်းလှိုင်' မြန်နန်းနွယ်စတိုး၊ ပင်နယ်စူလာပလာဇာ ဖြစ်နေပါတယ်။ သူက ကျွန်တော်နဲ့ ဆယ်တန်း ကျူရှင်အတူတူတက်၊ ကျောင်းမှာလည်း တစ်ခန်းတည်း တက်ကြ သူတွေပါ။ မှတ်မှတ်ရရ သူ ကျောင်းကောင်စီလူကြီး ဖြစ်လို့ အစည်းအဝေး လုပ်မယ့်နေ့ တိုက်ပုံ တကားကားနဲ့ ကျွန်တော်တို့ကို လာကြွားတာ၊ စချင်တဲ့ ကျွန်တော် သူ မသိအောင် နောက်ကပုန်းပြီး (အဲဒီအချိန်က ကျောင်းမှာ ခေတ်စားနေတဲ့) သူ့လုံချည်အောက်ခြေက ဆွဲချွတ်လိုက်တာ တိုက်ပုံနဲ့ အောက်က အတွင်းခံ(စပိဒို)နဲ့ ဖြစ်သွားလို့ အားလုံး ဝိုင်းရယ်ကြချိန်၊ အတန်းထဲက ကောင်မလေး တွေက အတန်းရှေ့မှာ ကျွန်တော် သူတို့ကို မျက်စိရှက်အောင် လုပ်ပါတယ် ဆိုပြီး တိုင်လို့ တာဝန်ကျ ဆရာမ ကျွန်တော့်ကို လိုက်ဖမ်း၊ ကျောင်းအုပ်ကြီး ရုံးခန်းထဲမှာ အရိုက်ခံရတဲ့အထိ စခဲ့ နောက်ခဲ့ပေမယ့် အရိုက်ခံပြီးချိန် ပခုံးချင်း ပြန်ဖက်ခဲ့တဲ့ သူငယ်ချင်းအရင်းကြီးမို့ သူ့ကားပေါ်ပစ္စည်း (တကယ်တော့

mgyoe.com SAMPLE BOOK

အိတ်သေးတစ်လုံးပါ) တင်ပြီး ငယ်ငယ်က အကြောင်းတွေ၊ ငယ်ငယ်က သူငယ်ချင်းတွေ အကြောင်း ပြန်ပြောကြရင်း ပင်နယ်စူလာပလာဇာ (မြန်မာတွေ စုရပ်)ကို ရောက်ခဲ့ပါတယ်။ အဲဒီရောက်မှ ကျွန်တော် မော်တော်ကား၊ ဓာတ်လှေကား စီးဖူးတာ အမှတ်တရပါ။ တိုက်အမြင့်ကြီးတွေပေါ် ကားနဲ့ ပတ်တက်ဖူးပေမယ့် ပင်နယ်စူလာမှာတော့ ကားတစ်စီးသာ ဝင်တဲ့ ဓာတ်လှေကားရှိပြီး ကားအထဲ ရောက်တာနဲ့ ကားပေါ်က တံခါးပိတ်၊ အပေါ်ဆုံးထပ်တက်၊ အပေါ်ဆုံးထပ် ရောက်တော့မှ ကိုယ့်ကားထုတ်ပြီး ခေါင်မိုးပေါ်မှာ ပါကင်ထိုးရတာကြောင့် တစ်သက်နဲ့တစ်ကိုယ် (ကားဓာတ်လှေကား) အခုမှ စီးဖူးတာ ရှက်ရှက်နဲ့ ဝန်ခံပါရစေ။ ဒီလိုနဲ့ ကိုယ့်ပစ္စည်းကိုယ်ဆွဲပြီး 'သပြေနု' ကုမ္ပဏီရုံးခန်းကို သူ့နောက်ကလိုက်၊ ရုံးခန်းထဲမှာ စင်ကာပူ ပွဲစီစဉ်သူ (တာဝန်ခံ) အန်တီဒေါ်သန်းသန်းနုကို ဝင်နှုတ်ဆက်ပြီး အစီအစဉ် မေးတော့ ညနေ ၃ နာရီ စာနယ်ဇင်းရှင်းလင်းပွဲ ရှိတယ်၊ အသင့်ပြင်ထားပါ ဆိုတာကြောင့် ရန်ကုန်မှာ စာနယ်ဇင်းမိတ်ဆက်ပွဲတွေ တက်ရတာ များလွန်းလို့ စင်ကာပူမှာတောင် ရေစက်မကုန်ပါလားဆိုပြီး ကိုယ်နဲ့ စာနယ်ဇင်းဆရာမတွေ (ဆရာတွေလည်း ပါပါတယ် ဟဲ ဟဲ) ဝဋ်ကြွေးမကုန်သေးတာ စဉ်းစားမိလိုက်ပါတယ်။ ဒါကြောင့် တည်းခိုရမယ့် ဟိုတယ် လိုက်မပို့ကြသေးလို့ ပင်နယ်စူလာ အောက်ဆုံးထပ်က အိန္ဒိယဆိုင်မှာ ဒံပေါက်စားကြရင်း အချိန်ဖြုန်းကြပါတော့တယ်။ စားနေတုန်း 'ရွှေအိမ်စံ' စတိုးပိုင်ရှင် မကလျာနဲ့ တွေ့တော့ သူက ဗေဒင်ဆရာမ လေသံနဲ့ "MAI နဲ့ လာတာမလား" ဆိုပြီး မေးပါတယ်။ ကျွန်တော်လည်း ဘယ်လိုသိလဲ ဆိုပြီး ပြန်မေးလိုက်ပါတယ်။ သူက ရင်ဘတ်မှာ MAI စတေကာကြီးမှ မခွာရသေးတာ ဆိုမှပဲ ရှက်ရှက်နဲ့ ခွာလိုက်ရပါတော့တယ်။ သူက ကျွန်တော် ဖုန်းပြောဖို့ ဖုန်းကတ်နဲ့ ငွေဖြည့်ထားပြီး လက်ဆောင်ပေးတာကြောင့် စင်ကာပူမှာ ကျွန်တော့်ဖုန်းနဲ့ လိုသမျှ ဆက်သွယ်ရပါတော့တယ်။ (ကျေးဇူးပါ မကလျာ) အဲဒီ မြေအောက်ထပ် စားသောက်ဆိုင်မှာ လုပ်ခဲ့တဲ့ စာနယ်ဇင်းရှင်းလင်းပွဲကို စင်ကာပူက မြန်မာ အသိုင်းအဝိုင်းတွေ၊ ကျောင်းသား ကျောင်းသူတွေ အများအပြား တက်ပြီး အကဲခတ်ကြပါတယ်။ စင်ကာပူ ပွဲစီစဉ်သူတွေရဲ့ စကားသံအရ အဆိုတော် ၅၀၊ တီးဝိုင်း ၄ ဝိုင်းနဲ့ 'စင်ကာပူအင်ဒိုးစတေဒီယမ်'မှာ လုပ်မယ်ဆိုတာ ဘယ်သူမှ သိပ်မယုံကြလို့ ကျွန်တော်တို့ သုံးယောက်နဲ့ ကိုရင်ဂို (သူက သူ့သမီး ကျောင်းတက်နေလို့ သူ့ဘာသာ စင်ကာပူလာရင်း ဒီပွဲ ရောက်လာတာပါ)

mgyoe.com

mgyoe.com SAMPLE BOOK

တို့ မြင်မှပဲ တကယ် ယုံကြပါတော့တယ်။ ဗီဒီယိုကင်မရာနဲ့ မှတ်တမ်းတင်ရိုက်၊ အင်တာဗျူးလုပ်ရင်း ကျွန်တော် အမှတ်တရ စကားပြောပေးပါလို့ တောင်းဆိုကြတော့ ကျွန်တော့်မှာ လက်ဟန် ခြေဟန်နဲ့ အသံမထွက်နိုင်ပါ ဆိုပြီး တောင်းပန်ပါသေးတယ်။ အားလုံးက ပြောနိုင်သလောက် ပြောပါ ဆိုတာကြောင့် စကားပြောကြည့်ပါတယ်။ ခက်တာက မိုက်ကရိုဖုန်းလည်း မရှိ၊ စပီကာလည်း မတပ်ထားတဲ့ ဈေးဆိုင်တွေ လူသံတွေကြားမှာ ပုံမှန်အသံနဲ့ဆိုရင် ကြောက်စရာမရှိပေမယ့် အခု ကျွန်တော့်အသံက မနဲ့လေး ဝင်ပူးသလို ဖြစ်နေရတဲ့အထဲ အသံလုံးဝမထွက်တော့ ပွဲတက်သူတွေလည်း အသံကျယ်ကျယ် ပြောဖို့ အော်ကြပါတယ်။ ကျွန်တော်လည်း ပြောဖို့ စီစဉ်ထားတာတွေ တစ်ခုမှ မပြောဖြစ်ဘဲ စက္ကန့် ၂၀ လောက်ပဲ ပြောပြီး ပြန်ထိုင်လိုက်ရပါတော့တယ်။ ဒါကလည်း စင်ကာပူပွဲ ပြဿနာတွေ ကြိုသိလို့ အသံမထွက်အောင်၊ စကားမကျွံအောင်၊ ကံဇာတ်ဆရာက ထိန်းပေးလိုက်တာလား ဆိုတာ အခုထိ သံသယဝင်ဆဲပါ။ စင်ကာပူက မြန်မာပွဲတာဝန်ခံတွေလည်း ပွဲနဲ့ ပတ်သက်ပြီး ပြောကြရင်း အစားအသောက် တာဝန်ခံတစ်ယောက် ထပြောပေးပါဆိုပြီး နာမည် ကြေညာလိုက်ပါတယ်။ အဲဒီပုဂ္ဂိုလ်လေးက ခပ်တည်တည်နဲ့ ထရပ်ပြီး "ကျွန်တော်က သူဌေးအပြင်ထွက်သွားလို့ ဘာမှ မပြောနိုင်သေးပါဘူး" ဆိုပြီး ရှင်းပြတာကြောင့် ငိုရအခက် ရယ်ရအခက် ဖြစ်ကုန်ကြပါတော့တယ်။ တကယ်ဆို ပွဲနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆိုင်က ပွဲလာကြည့်တဲ့ ပရိသတ်တွေ (ဒါမှမဟုတ် အနုပညာသမားတွေ) အဆင်ပြေအောင် အစီအစဉ် ဆွဲထားပါတယ်(ဆိုပြီး) ခပ်တည်တည်နဲ့ (ရန်ကုန်က တချို့လူတွေလို ဘာမှ မသိဘဲ ရမ်းသမ်းစာနယ်ဇင်းပွဲတွေမှာ ပြောသလို) ပရိယာယ်မသုံးဘဲ ရိုးရိုးသားသား ပြောသူကြီးအတွက် ကျွန်တော့် အသံမထွက်ဘဲ မချင့်မရဲ ဖြစ်ခဲ့ရပါတယ်။ (စင်ကာပူမှာ နေပြီး ရိုးသားလွန်းသူကြီးပါ။)

ဒီလိုနဲ့ သူများတွေ ပွဲအကြောင်း ဆွေးနွေးချိန် စင်ကာပူ ဘူးသီးကြော်၊ ဗယာကြော်တွေ စားပြီး အသံမထွက်လို့ ခပ်တည်တည် ထိုင်နေရင်း မနက်ကလည်း အစောကြီး အိပ်ရာထရ၊ အခုထိလည်း နားစရာနေရာ မရှိလို့ ဟိုတယ်အမြန်ဆုံး လိုက်ပို့ပေးရင် ကောင်းမှာပဲဆိုပြီး တွေးနေမိပါတယ်။ အဲဒီစာနယ်ဇင်းပွဲအပြီး ဒေါက်တာဒေါ်သူဇာ (စင်ကာပူ ပွဲတာဝန်ခံ) စီစဉ်သူက ကျွန်တော့်ကို Indoor Stadium ရုံကြီး လိုက်ပြမယ်၊ တီးဝိုင်း ၄ ဝိုင်းနဲ့ DJ စက်တွေထားဖို့

mgyoe.com

mgyoe.com SAMPLE BOOK

နေရာ သွားကြည့်ပြီး မနက်ဖြန် မနက် စင်ကာပူနိုင်ငံသား အသံအင်ဂျင်နီယာတွေနဲ့ တွေ့ချိန် အတိအကျ ပြောဖို့ သွားကြည့်ကြမယ် ဆိုတာကြောင့် Taxi ပေါ် တက်ပြီး ထွက်ခဲ့ကြပါတယ်။ အန်တီသူဇာက အဲဒီဇာတ်ရုံကြီး (တကယ်တော့ အားကစားရုံကြီးပါ) ငှားပေးဖို့ သူတို့ တော်တော်ကို အချိန်ကုန် ငွေကုန် လုပ်ကြရပါတယ်ဆိုပြီး ပြောလို့ ကျေးဇူးတင်မိသလို မြန်မာနိုင်ငံက ဂီတသမားတွေ တစ်ခါမှ ခြေမချဖူးသေးတဲ့ တကယ့် နံပါတ်တစ်နေရာမှာ တီးခွင့်ရတော့မှာမို့ အရင်ကလို ခန်းမ သေးသေးလေးတွေမှာ တီးပြီး ပြန်ခဲ့ရချိန်တွေ စဉ်းစားနေမိပါတယ်။ တကယ်လည်း စတေဒီယမ်ကြီး ဝင်တဲ့နေရာ၊ လုံခြုံရေးကားပါကင်က စလို့ နိုင်ငံတကာအဆင့်မီ နေရာကြီးဆိုတာ မြင်ရုံနဲ့ သိလိုက်ပါပြီ။ ဝင်ခွင့်ကတ်ပြား ဖြည့်ပြီးချိန်၊ ကြော်ငြာပိုစတာမှာ တေလာဆွစ်၊ Eagle, Iron Madien, Eric Clapton နဲ့ တန်းတူ Century Star Concert (Myanmar) လို့ တွေ့ရလို့ မှတ်မှတ်ရရ ဓာတ်ပုံရိုက်ခဲ့ရပါသေးတယ်။

ဇာတ်ရုံကြီးရဲ့ လက်မှတ်ရောင်းစနစ်ကိုလည်း ဗဟုသုတ ရစရာ ရေးပြလိုက်ပါရစေ။ ရန်ကုန်က ပွဲစတိတ်ရှိုး ကန်ထရိုက်တွေ လုပ်ကြသလို ကိုယ် ပြတဲ့ပွဲ ကိုယ် လက်မှတ်ရောင်းခွင့်မရှိဘဲ ပွဲစီစဉ်သူက လက်မှတ်တစ်သောင်းရောင်းမယ်ဆိုရင် အဲဒီလက်မှတ်ကို စတေဒီယမ်ဇာတ်ရုံကြီးရဲ့ လက်မှတ်ရောင်းဌာနမှာ ကိုယ့်ပိုက်ဆံနဲ့ အရင်ဝယ်ပြီးမှ ပရိသတ်ကို ရောင်းခွင့်ရှိပါတယ်။ သူတို့နိုင်ငံရဲ့ ဥပဒေအရ ပွဲကန်ထရိုက် တစ်ပွဲ တီးခတ်ပြီးချိန် ပိုက်ဆံယူ၊ အကျိုးအမြတ်ယူပြီး ထွက်ပြေးလို့မရအောင် လက်မှတ်ရောင်းရငွေကို စတေဒီယမ်ဇာတ်ရုံက သိမ်းပေးထားပြီး သတ်မှတ်ကာလ (၁ ပတ်၊ ၂ ပတ်) ပြည့်လို့ ကန့်ကွက်သူ အနုပညာရှင်တွေရဲ့ ပြဿနာ မရှိဘူး ဆိုတော့မှ ပွဲစီစဉ်သူကို ပိုက်ဆံပြန်ထုတ်ပေးလို့ ပွဲစီစဉ်သူက ပွဲဖြစ်အောင် ကုန်ကျစရိတ်၊ အနုပညာကြေးတွေ ကုန်သလို ကိုယ့်ပွဲကို ကိုယ်က လက်မှတ် အရင်ပြန်ဝယ်ရလို့ ပိုက်ဆံပုံမှန်ပွဲတွေထက် ပိုကုန်မှာ မသိဘဲ အင်ဒိုးစတေဒီယမ်ရုံကြီးမှာ မြန်မာဂီတသမားတွေ တီးခတ်နိုင်ဖို့ ငွေကြေးမငဲ့ဘဲ လုပ်ရဲတဲ့ မစု(မဟာနန်း)ရဲ့ သတ္တိကို အောင်ချမ်းသာ စတိုးပိုင်ရှင် အန်တီ ဒေါက်တာသူဇာက အသိအမှတ်ပြုကြောင်း ကျွန်တော့်ကို ပြောပါတယ်။ ဒါပေမဲ့ စင်ကာပူမှာ လက်မှတ်တွေ ရောင်းလို့ ပရိသတ်တွေက ဝယ်ကြမယ်ဆိုတော့ မစုဆီက လက်မှတ်ဝယ်ဖို့ ပိုက်ဆံ(ကိုယ့်ပွဲအတွက်နော်) မရသေးလို့ လက်မှတ်ရောင်းပေးရမယ့် မြို့ခံတွေဖြစ်တဲ့ အန်တီတို့ ပိုက်ဆံတွေ

mgyoe.com

mgyoe.com SAMPLE BOOK

စိုက်ပြီး အခု လက်မှတ်ဝယ်ကြရတယ်ဆိုပြီး သူတို့ ရှယ်ယာမဝင်ပေမယ့် စင်ကာပူမှာ နေတဲ့ မြန်မာလူမျိုးတွေကြားမှာ ယုံကြည်မှု ကင်းမဲ့ခံရမှာ ကြောက်နေတဲ့ သူတို့ စကားသံတွေ နားထောင်ပြီး ဒီပွဲရဲ့ ပြဿနာက မသေးဘူးလို့ ကျွန်တော် ရိပ်မိလာပါတော့တယ်။

ပထမပိုင်း စင်ကာပူနိုင်ငံအထိ မလေးရှားမှာ နေတဲ့ မစု(မဟာနန်း) က လာရောက်ဆွေးနွေးပြီး ရှယ်ယာဝင်ဖို့ ခေါ်ပေမယ့် ပွဲက အရမ်းကြီးလို့ အရှုံးများမှာ သိနေတဲ့ စင်ကာပူမြို့ခံ ဒေါ်သန်းသန်းနုနဲ့ ဒေါက်တာသူဇာတို့ကို နောက်ဆုံး သူပဲ တာဝန်ခံ လုပ်ပါ့မယ်၊ ကူညီပေးပါလို့ ပြောလို့ ဝင်ကူညီပေးတဲ့ စင်ကာပူက စီးပွားရေးလုပ်ငန်းရှင် အန်တီကြီးတွေမှာ တဖြည်းဖြည်းနဲ့ ပွဲက ရုပ်လုံးပေါ်လာလေ၊ သူတို့ဘက်က ရုန်းထွက်လို့မရဘဲ ပိုက်ဆံ စိုက်ပြီးကူညီရလေ၊ တဖြည်းဖြည်းချင်း နစ်လာလေ ဖြစ်တဲ့ပုံစံကို ကျွန်တော်က သူတို့ ပြောစကားအရ သိလိုက်ပါပြီ။

မစုကလည်း စစ်မျက်နှာသုံးခု ဖွင့်ပြီး (KL ၊ ပီနန်၊ စင်ကာပူ)ကို တိုက်ချင်တဲ့စိတ်ကြောင့် ပိုက်ဆံ မလောက်မင ဖြစ်လေ၊ စင်ကာပူ လူတွေကလည်း သူတို့ အရှက်ကွဲမှာစိုးပြီး ဝင်ဆယ်ရမယ့်ပုံစံကို ပွဲမတီးခင် ကြိုသိနေရတဲ့ ကျွန်တော့်မှာ တကယ်တီးဖို့ သွားရမယ့်ခရီးအတွက် အားလုံးထက် ပိုပြီး စိတ်ပူလာမိသလို ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုတွေ လုပ်ပြီး အနုပညာသမားတွေ ဒုက္ခမဖြစ်ဖို့ ကြိုးစားရမယ်ဆိုတဲ့စိတ်က ဖိအားပေးလာပါတော့တယ်။ ဓာတ်ရုံကြီးထဲ ဝင်ကြည့်ခွင့်ရတော့ ရှေ့မှာ တရုတ်ပြည်က Rock Festival ဆိုတဲ့ပွဲ ရှိနေလို့ ဓာတ်စင်နားတောင် ကပ်ခွင့်မရဘဲ ဓာတ်ပုံမရိုက်ဖို့လည်း တာဝန်ခံ စင်ကာပူ မိန်းကလေးက တားမြစ်ပါတယ်။ ကျွန်တော်က ဖုန်းပြောသလို ရသလောက် ဓာတ်ပုံခိုးရိုက်ပြီး ဟိုတယ်ရောက်ရင် ဓာတ်စင်အနေအထားကြည့်၊ တီးဝိုင်း လေးဝိုင်း ထားရမယ့် နေရာတွေ စိတ်ထဲမှာ ခန့်မှန်းချိန် တာဝန်ခံ မိန်းကလေးက ဖုန်းကို ကြည့်ပြီး ရိပ်မိသွားလို့ ဓာတ်ပုံရိုက်တာ လာတားပါတော့တယ်။ (ကိုယ့်ထက် လည်လို့လည်း စင်ကာပူနိုင်ငံက တိုးတက်တာနေမှာလို့ ဝန်ခံချင်ပါတယ်။)

ပွဲစီစဉ်သူ ဆန်းလင်းထွတ်နဲ့ ကျွန်တော်တို့အားလုံး အင်ဒိုးစတေဒီယမ်က ထွက်ခဲ့ပြီး ဟိုတယ် လိုက်ပို့မလား ထင်မိပါတယ်။ ည ၆ နာရီမှာ အစည်းအဝေး ရှိသေးတယ်။ သပြေနုမှာ ပြန်ဆုံမယ် ဆိုတာကြောင့် ကိုမောင်မောင်လွင်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK
ကိုခင်ဇော်ကို ခေါ်ပြီး ဖူနမ်ပလာဇာအောက်က ဂစ်တာဆိုင်တွေ အမြန်ဝင်ကြည့်ပြီး ၆ နာရီကျော်ကျော်လောက် မနားနိုင်သေးဘဲ အစည်းအဝေး တက်ခဲ့ရပါတယ်။

အစည်းအဝေးက ည ၈ နာရီထိုးခါနီးမှ ပြီးလို့ ကျွန်တော်တို့ နားချင်လှပြီလို့ (မရှက်နိုင်တော့ဘဲ) ပြောရပါတော့တယ်။ အဲဒီတော့ ည ၈ နာရီကျော်မှ Taxi တွေက ဈေးပုံမှန်ဖြစ်မှာမို့ ခဏစောင့်ပါဦးလို့ အစ်မကြီးတစ်ယောက်ရဲ့အဖြေ ကြားရပါတော့တယ်။ ကျွန်တော်တို့မှာ ပိုက်ဆံလည်း တစ်ပြားမှမရှိ၊ အလုပ်တွေလည်းဖျက်၊ စင်ကာပူလည်း ခဏခဏ ရောက်ဖူးပြီးရက်နဲ့ လာခဲ့ရတာ။ ခုတော့ Taxi ဈေးကျတဲ့အချိန်အထိ တစ်နေကုန် မနားရသေးတဲ့ ကိုယ့်အဖြစ် ရန်ကုန်ကလူတွေ သိရင် ဝိုင်းဟားကြမလား ထင်မိပါတော့တယ်။

ခဏနေတော့ အစ်မကြီးတစ်ယောက်က Taxi ငှားပြီး တည်းရမယ့်နေရာ လိုက်ပို့ပါတော့တယ်။ နေရာက တော်တော်ဝေးဝေးသွားရပြီး ၂၁ ထပ်မှာရှိတဲ့ ကွန်ဒိုအခန်းတစ်ခုထဲမှာ နေရမှာပါ။ လူလည်း တစ်ယောက်မှ မရှိဘဲ ကျွန်တော်တို့ သုံးယောက်ထဲက ကိုခင်ဇော်က သူ့ညီမအရင်း စင်ကာပူမှာနေလို့ ညီမအိမ် လိုက်အိပ်ပါတယ်။ အဲဒီမှာတင် ခုနက ခေါ်လာတဲ့ (အိမ်ရှင်) အစ်မကြီးက အစ်ကိုတို့က သုံးယောက်ဆိုပြီး အခု နှစ်ယောက်တည်း၊ ကျွန်မ ပိုက်ဆံ တစ်ယောက်စာ လျော့သွားတာပေါ့ဆိုပြီး အပြစ်တင်စကား ကြားရမှ ကျွန်တော်တို့နှစ်ယောက် အိပ်ဖို့ အခန်းတောင် လူနဲ့ ရေတွက်ပြီး ပိုက်ဆံယူတဲ့အတွက် လူနည်းသွားလို့ ဟိုတယ်ခ၊ တည်းခိုခန်းခ သက်သာသွားလို့ ကျေးဇူးတင်ရမယ့်အစား သူ့ပိုက်ဆံမရလို့ အပြစ်တင်ခဲ့ရတဲ့ စင်ကာပူပါလားဆိုပြီး နဖူးတွေ့ဒူးတွေ့ ပိုက်ဆံ ပြဿနာ ကြုံတွေ့ရပါတော့တယ်။ ဒါကြောင့် ၂၁ ထပ်ကနေ အောက်ပြန်ဆင်း၊ ရေကူးကန်နားမှာရှိတဲ့ စားသောက်ဆိုင်လေးမှာ ညစာစားဖို့ စီစဉ်သူ ပေးလိုက်တဲ့ ပိုက်ဆံနဲ့ ကျွန်တော်တို့ နှစ်ယောက်စားကြရပါတယ်။ ညစာစားပြီးလို့ ဓာတ်လှေကားစီးပြီး ကျွန်တော်တို့ နှစ်ယောက် တံခါးသော့ ဖွင့်၊ ကိုယ့်အခန်းထဲ ဝင်လိုက်တော့ မထင်မှတ်တဲ့ မြင်ကွင်းတစ်ခုက ကျွန်တော်တို့ကို စောင့်ကြိုနေလို့ ကျွန်တော်တို့ တော်တော်လန့်ဖျပ်သွားမိပါတော့တယ်။

*နံနက်ခင်းသတင်းဂျာနယ်၊ ၂၃၊ မတ်လ၊ ၂၀၁၁ ခုနှစ်*

mgyoe.com

mgyoe.com SAMPLE BOOK

- ၄ -

ဖေဖော်ဝါရီ ၃ ရက်၊ နေ့လယ် ၁၂း၁၀ ကွာလာလမ်ပူ၊ ပူထရာစတေဒီယံ၊ မလေးရှားနိုင်ငံ။

အဆိုတော် 'ရန်အောင်'ရဲ့ 'မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း' သီချင်းသံနဲ့အတူ မြန်မာပြည်ကို အတွေးထဲ ခဏရောက်သွားတဲ့ ကျွန်တော်၊ ဒုတိယသီချင်းဖြစ်တဲ့ အဆိုတော် 'စိုးစန္ဒာထွန်းရဲ့ ချမ်းမြေ့ပါစေ' သီချင်းသံအောက်မှာ ပြန်လည်သတိဝင်လာပါတော့တယ်။ တီးဝိုင်း လေးဝိုင်းမှာ ပထမဆုံး 'အလင်္ကာဝတ်ရည်' တီးဝိုင်းက နှစ်ပုဒ် တီးတယ်။ ဒုတိယတီးဝိုင်းအဖြစ် တီးရမယ့် ကျွန်တော်တို့ Lazy Club က အဆိုတော် Rဇာနည်နဲ့ ဇော်ပိုင်တို့ နှစ်ယောက်ရဲ့ သီချင်းနှစ်ပုဒ်နဲ့ စရမှာမို့ 'စိုးစန္ဒာထွန်း'ရဲ့ သီချင်းအဆုံးမှာတော့ Drums သံ & Bars နဲ့အတူ 'အချစ်ခေါ်သံ' သီချင်းဆိုပြီး စင်ပေါ်ကို 'Rကြီး' တက်လာပါတော့တယ်။ ပရိသတ်က မတူညီတဲ့ တေးဂီတအဖွဲ့တွေ၊ တေးသီချင်းတွေပေမယ့် သူတို့အကြိုက်ဆုံး သီချင်းတစ်ပုဒ်စီကို နာမည်ကြီး အဆိုတော်တွေက ရွေးဆိုသွားတာ ကြိုက်နှစ်သက်လွန်းလို့ လက်ခုပ်တွေ မပြတ်တီးပြီး စတိတ်ရှိုးပွဲနဲ့ မတူဘဲ ပြိုင်ပွဲတစ်ခု ကြည့်နေရသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့လည်း တစ်ခါမှ နိုင်ငံရပ်ခြားမှာ ဒီလိုပွဲမျိုး မတီးဖူးလေတော့ ချက်ချင်းပဲ Mood အပြည့်နဲ့ Rကြီး သီချင်းပြီးတာနဲ့ 'မြို့အဝင်ည'သီချင်း Intro ကို ဆက်တိုက်

mgyoe.com